လေးတူးအနောက်ကျေးရွာ

လေးတူးအနောက်အုပ်စု၊ ဇလွန်မြို့နယ်

ဧရာဝတီတိုင်းဒေသကြီး

---

# ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းစာတမ်း

(ကျေးရွာ၏ လက်ရှိဖွံ့ဖြိုးရေးအခြေအနေနှင့် ဦးစားပေး

ဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ)


**စီမံကိန်းပြုစုရေးသားသည့်အဖွဲ့**

**ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၊** လေးတူးအနောက်ကျေးရွာ

(ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ဇလွန်မြို့နယ်၏

အကူအညီဖြင့်ရေးဆွဲပါသည်။)



ဧပြီ လ ၊ ၂၀၂၂

## မာတိကာ


စကားချီး ၁

လေးတူးအနောက်ကျေးရွာအရင်းအမြစ်ပြမြေပုံ၊ ဇလွန်မြို့နယ်

လေးတူးအနောက်ကျေးရွာ ရာသီခွင်ပြက္ခဒိန်၊ ဇလွန်မြို့နယ်

**အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာ နှင့် အစီအစဉ်**

(၁) နိဒါန်း– ကျေးရွာဖွံ့ဖြိုးရေးရည်ရွယ်ချက်နှင့် လွှမ်းခြုံသက်ရောက်မှု ၁

(က) ရည်ရွယ်ချက်နှင့်ကျိုးကြောင်းဖော်ပြချက်

(ခ) စီမံကိန်း၏ လွှမ်းခြုံသက်ရောက်မှု

(၂) ကျေးရွာ၏ ပထဝီဝင် အနေအထားနှင့် သဘာဝအရင်းအမြစ်များ ၃

(က) တည်နေရာ၊ ရာသီဥတုနှင့် မြေမျက်နှာသွင်ပြင် အနေအထား ၃

(ခ) သဘာဝအရင်းအမြစ်များ ၃

(၃) ကျေးရွာ၏ လူမှုဖွံ့ဖြိုးတိုးတက်ရေး အခြေအနေ ၄

(က) လူဦးရေဆိုင်ရာ အချက်လက်များ

(ခ) စီးပွားရေးအခြေအနေ – ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု

(ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်နစ်နာလွယ်မှု

(ဃ) ကျန်းမာရေး နှင့် အာဟာရ

(င) ပညာရေးနှင့်ကျွမ်းကျင်မှုများ

(စ) ကျားမဆိုင်ရာဆက်နွယ်မှု

(၄) ကဏ္ဍအသီးသီး၏လက်ရှိ ဖွံ့ဖြိုးတိုးတက်မှု အခြေအနေ ၈

(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှုစနစ်

(ခ) သီးနှံ၊ သားငါး ထုတ်လုပ်ရေးကဏ္ဍ

(ဂ) စိုက်ပျိုး မွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ

(ဃ) ပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များဆိုင်ရာစီမံခန့်ခွဲမှု

(င) ဘဏ်နှင့်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

(စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး

(ဆ) လူငယ်နှင့် ယဉ်ကျေးမှု

(ဇ) အခြေခံအဆောက်အဦများအားလက်လှမ်းမီမှု – လမ်းတံတား၊ လျှပ်စစ်စွမ်းအား၊ သတင်းနှင့်ဆက်သွယ်ရေး

(ဈ) တည်ငြိမ်အေးချမ်းမှုနှင့် ပြည်သူ့လုံခြုံရေး

(၅) ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ၊

အဟာန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ ၁၂
(က) ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ
(ခ) အဟာန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ

(၆) ကျေးရွာဖွံ့ဖြိုးရေး ပန်းတိုင်နှင့် ဗျူဟာ ၁၂

(၇) ကျေးရွာဖွံ့ဖြိုးတိုးတက်မှု ကိစ္စရပ်များ နှင့် ဗဟိုအဆင့် မူဝါဒများ အကြား အစီအစဉ်ကျသော ချိတ်ဆက်မှုများ ၁၅

(၈) ဦးစားပေးစီမံချက်များနှင့်၄ အကောင်အထည်ဖော် ဆောင်ရွက်မည့် အချိန်ကာလ ၁၈
(က) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်
(ခ) ကဏ္ဍ နှင့် ရင်းနှီးမြှုပ်နှံမှုကိုအခြေခံ၍ စီမံချက်အုပ်စုသတ်မှတ်ခြင်း
(ဂ) ဦးစားပေး စီမံချက်များ
(ဃ) အကောင်အထည်ဖော်မည့် အချိန်ကာလ

(၉) ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာ အစီအစဉ် ၂၀

(၁၀) ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်မည့် နည်းလမ်းနှင့်အစီအစဉ်များ ၂၁
(က) ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ အခန်းကဏ္ဍ
(ခ) ဖွံ့ဖြိုးရေး မိတ်ဖက် အဖွဲ့အစည်းများ
(ဂ) ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ
(ဃ) ကျေးရွာ၏ ဖွံ့ဖြိုးရေးလုပ်ငန်းများလည်ပတ်ရန် နှင့် ပြုပြင်ထိန်းသိမ်းရန် အတွက် အဖွဲ့အစည်းဆိုင်ရာ နှင့် ငွေကြေးဆိုင်ရာ အစီအစဉ်များ

(၁၁) စီမံကိန်း ကြီးကြပ်စစ်ဆေးခြင်းနှင့်အကဲဖြတ်သုံးသပ်ခြင်း ၂၃
(က) ကြီးကြပ်စစ်ဆေးခြင်း
(ခ) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဆောင်ရွက်ပြီးစီးမှု အကဲဖြတ်ခြင်း
(ဂ) နည်းပညာဆိုင်ရာ အကူအညီ

**နောက်ဆက်တွဲ**

**နောက်ဆက်တွဲ (၁) စီမံကိန်း ဇယားများ** ၂၆

(၁) လူမှုစီးပွားရေး အခြေအနေ

**ဇယား ၁လူဦးရေ နှင့် လူဦးရေဆိုင်ရာ အချက်အလက်များ**

ဇယား ၂ လုပ်သား အင်အား နှင့် ဝင်ငွေရ လုပ်ငန်း အမျိုးအစား
ဇယား ၃ ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု
ဇယား ၄ ဓာတ်သတ္တုနှင့် အခြားသဘာဝ အရင်းအမြစ်များ
ဇယား ၅ ဥစ္စာဓနအဆင့်အခြေအနေ
ဇယား ၆ ကျေးရွာ၏ ဝမ်းစာဖူလုံမှု အခြေအနေ
ဇယား ၇ ကူညီ စောင့်ရှောက်မှုအထူးလိုအပ်သော အုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ

ဇယား ၈ ကျေးရွာ၏ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

ဇယား ၉ ထိခိုက်သက်ရောက်မှုခံရနိုင်သည့်အုပ်စု

**(၂) ကဏ္ဍအသီးသီး၏လက်ရှိ ဖွံ့ဖြိုးရေး အခြေအနေ**

ဇယား ၁၀ ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

ဇယား ၁၁ ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

ဇယား ၁၂ ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှုမြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု

ဇယား ၁၃ ကျေးရွာ၏ ရေအရင်းအမြစ် နှင့် ရေသွင်းဧရိယာ

ဇယား ၁၄ အဓိကသီးနှံများနှင့် အထွက်နှုန်း

ဇယား ၁၅ ကျေးရွာ၏ စိုက်ပျိုးရေးသုံး ကိရိယာများ ပိုင်ဆိုင်မှု

ဇယား ၁၆ သီးနှံထုတ်လုပ်မှု တိုးစေရန်အတွက် အခွင့်အလမ်းများ

ဇယား ၁၇ သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ

ဇယား ၁၈ မွေးမြူရေးနှင့်ငါးလုပ်ငန်းဆောင်ရွက်မှုအခြေအနေ

ဇယား ၁၉ မွေးမြူရေးကဏ္ဍ ထုတ်လုပ်မှုတိုးတက်စေရန်အတွက် အခွင့်အလမ်းများ

ဇယား ၂၀ မွေးမြူရေး နှင့် သားငါးထုတ်လုပ်မှုအတွက် ပြဿနာနှင့်စိန်ခေါ်မှုများ

ဇယား ၂၁ စိုက်ပျိုးမွေးမြူရေး မဟုတ်သော အသက်မွေးလုပ်ငန်းများ

ဇယား ၂၂ စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းများ အတွက် အခွင့်အလမ်း၊ ပြဿနာနှင့်အခက်အခဲများ

ဇယား ၂၃ ကုန်စည် နှင့် ဝန်ဆောင်မှု၊ ဈေးကွက်လက်လှမ်းမီမှု အခြေအနေ

ဇယား ၂၄ ငွေကြေးလက်လှမ်းမီမှုနှင့် ဘဏ်လုပ်ငန်း

ဇယား ၂၅ သဘာဝပတ်ဝန်းကျင် နှင့် သဘာဝ အရင်းအမြစ် စီမံခန့်ခွဲမှုအတွက် လက်ရှိ အလေ့အကျင့် နှင့် အခက်အခဲများ

ဇယား ၂၆ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အခက်အခဲများနှင့် သဘာဝဘေးအန္တရာယ် လျှော့ချရေး အစီအမံများ

ဇယား ၂၇ မူလတန်း၊ အလယ်တန်း၊ အထက်တန်း နှင့် တက္ကသိုလ်ပညာ ပြီးစီးမှုနှုန်း

ဇယား ၂၈ ကျောင်းအပ်နှုန်း

ဇယား ၂၉ စာသင်ကျောင်းဆောင် အခြေအနေ

ဇယား ၃၀ ပညာရေး အခက်အခဲ နှင့် ပြဿနာများ

ဇယား ၃၁ အဖြစ်များသော ရောဂါများ

ဇယား ၃၂ ကျန်းမာရေး အထောက်အပံ့ နှင့် ဝန်ဆောင်မှုများ

ဇယား ၃၃ သောက်သုံးရေရရှိမှု

ဇယား ၃၄ သန့်ရှင်းရေးအခြေအနေ

ဇယား ၃၅ ကျေးရွာ၏ လမ်း၊ တံတားတည်ရှိမှုအခြေအနေ

ဇယား ၃၆ **ရေကြောင်း**သယ်ယူပို့ဆောင်ရေး

ဇယား ၃၇ သယ်ယူပို့ဆောင်ရေးယာဉ်များ

ဇယား ၃၈ လျှပ်စစ်မီးရရှိမှု အခြေအနေ
ဇယား ၃၉ ဆက်သွယ်ရေး နှင့် သတင်းအချက်အလက်နည်းပညာ အခြေအနေ
ဇယား ၄၀ ယဉ်ကျေးမှုနှင့်လူငယ်ဖွံ့ဖြိုးရေး အခြေအနေ
ဇယား ၄၁ ဘေးကင်းလုံခြုံရေး၊ ဝန်ဆောင်မှု အထောက်အကူများအား လက်လှမ်းမှီမှု
ဇယား ၄၂ မှုခင်းဖြစ်ပွားမှု အခြေအနေ
**နောက်ဆက်တွဲ (၂) ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အပံ့ဖြစ်စေမည့် အခြေအနေကောင်း များ၊ အဟန့်အတားနှင့်ရင်ဆိုင်ကျော်လွှားရမည့် စိန်ခေါ်မှုများ** ၈၁
ဇယား ၄၃ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ
ဇယား ၄၄ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဟန့်အတားနှင့် ရင်ဆိုင်ကျော်လွှားရမည့် စိန်ခေါ်မှုများ
**နောက်ဆက်တွဲ (၃)ကျေးရွာ ဖွံ့ဖြိုးရေးကွင်းဆက် (ပြဿနာ ဆန်းစစ်ခြင်းမှ ဖြေရှင်းနည်း အထိ)** ၈၃
**ကိုးကားစာရင်း**

**အပိုင်း (ခ) စီမံချက်ဆိုင်ရာ အချက်အလက်**
စီမံချက်ဆိုင်ရာ အချက်အလက် ပုံစံ

## အတိုကောက်စကားလုံးများ

| | |
|---|---|
| AIDS | ခုခံအားကျဆင်းမှုရောဂါ |
| DRD | ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန |
| HIV | ခုခံအားကျဆင်းမှုရောဂါဖြစ်စေသောဗိုင်းရပ်စ် |
| MADB | မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် |
| MEB | မြန်မာ့စီးပွားရေးဘဏ် |
| MMK | မြန်မာကျပ် |
| MoALI | စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန |
| NGO | အစိုးရမဟုတ်သောအဖွဲ့အစည်း |
| PRA | ကျေးရွာအခြေအနေကိုရွာသူရွာသားများကိုယ်တိုင်ဆန်းစစ်အကဲဖြတ်ခြင်း |
| SLRD | ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန |
| STD | လိင်မှတဆင့်ကူးစက်တတ်သောရောဂါများ |
| PTA | မိဘဆရာအသင်း |
| TB | တီဘီရောဂါ |
| VDG | ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့ |

စကားချီး

ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည် ၂၀၂၀/၂၀၂၁ ဘဏ္ဍာရေးနှစ်မှ ၂၀၂၄/၂၀၂၅ ခုနှစ်အထိ (၅)နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ ကျေးရွာ၏ ပထမဦးဆုံးသောလူအများပါဝင် ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံချက် ဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံချက်ဖြစ်မြောက်ရေးအတွက် လိုအပ်သော နည်းပညာများ ပံ့ပိုးပေးသော သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအား အထူးပင်ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသောအချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွပံ့ပိုးပေးသော ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာဝန်ထမ်းများကိုလည်း ကျေးဇူးတင်ရှိပါ သည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင်ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ်ဆောင်ရွက်ခဲ့ကြသော်လည်း လူထုအများ စနစ်တကျ ပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျပူးပေါင်းဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့ အချင်းချင်းတိုင်ပင်ဆွေးနွေးညှိနှိုင်းအဖြေရှာကြရာတွင် ကူညီပံ့ပိုးပေးသည့် အစီအစဉ်ရေးဆွဲရေးကျွမ်းကျင်သူအဖွဲ့တစ်ဖွဲ့ကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ စီစဉ်ဆောင်ရွက်ပေးပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်ရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံးကဲ့သို့သော ကိန်းဂဏန်းအချက်အလက်ရရှိနိုင်သော နေရာများမှလည်းကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင်ထပ်မံလိုအပ်သော ကိန်းဂဏန်း၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကိုမြို့နယ်အဆင့် ဌာနဆိုင်ရာများမှရယူရန် လိုအပ်ကြောင်းကိုလည်း ကောင်းစွာသိရှိခဲ့ပါသည်။

ယခုရေးဆွဲထားသောအစီအစဉ်ကို ထပ်မံရရှိသည့်ကိန်းဂဏန်းအချက်အလက်များ ထပ်ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းလာမည်မှာသေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက်လုပ်ဆောင်ရမည့်လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှုတစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်မှု၊ ပေါ်ပေါက်လာသည့်အခက်အခဲများနှင့် ဦးစားပေးရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို မူဘောင်အတွင်းပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင်သွားရပါမည်။

ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့၏ ဆက်လက်ပံ့ပိုး မှုများရရှိနိုင်မည်ဟု ကျွန်ုပ်တို့ မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးဆိုင်ရာ အားထုတ်မှုအခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများရရှိ နိုင်မည်ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤအစီအစဉ်တွင်အပိုင်း(၂)ပိုင်းပါရှိပါသည်။ အပိုင်း(က)တွင် ဖွံ့ဖြိုးရေးဗျူဟာနှင့်လုပ်ငန်းအစီအစဉ်တို့ ပါဝင်ပါသည်။ အကောင်အထည်ဖော်မည့် ဗျူဟာ၊ ဦးစားပေးလုပ်ငန်းအစီအစဉ်များ၊ ဘတ်ဂျက်နှင့်ငွေကြေးဆိုင်ရာရရှိနိုင်မည့် လမ်းကြောင်းနှင့် လုပ်ငန်းဆောင်ရွက်မှု အဆင့်ဆင့်တို့ကို အဓိကဖော်ပြထားပါသည်။ အပိုင်း(ခ)သည် စီမံကိန်းဆိုင်ရာ အချက်အလက်၊ အကြောင်းအရာများဖြစ်ပြီး အဆိုပြုစီမံကိန်း လုပ်ငန်းများ၏အသေးစိတ် အချက်အလက်များ ပါဝင်ပါသည်။

ဧပြီလ ၂၀၂၁

ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့
လေးတူးနောက်ကျေးရွာ
ဇလွန်မြို့

## လေးတူးအနောက်ကျေးရွာအရင်းအမြစ်ပြမြေပုံ၊ ဇလွန်မြို့နယ်



# လေးတူးအနောက်ကျေးရွာ ရာသီခွင်ပြက္ခဒိန်၊ ဇလွန်မြို့နယ်




ရက်စွဲ၊ ၂၅.၂.၂၀၂၁ ရေးဆွဲသူ၊ ညီညီနွေဦး

## အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေး ဗျူဟာနှင့် လုပ်ငန်းအစီအစဉ်

## ၁ နိဒါန်း

### ၁.၁ ရည်ရွယ်ချက်

ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်သည် အစိုးရဌာနများ၊ ပြည်တွင်း/ပြည်ပအဖွဲ့အစည်းများ၏ နိုင်ငံအတွင်းဆောင်ရွက်ခဲ့ပြီးသော ဖွံ့ဖြိုးရေးလုပ်ငန်းအတွေ့အကြုံများကို လေ့လာသုံးသပ်ပြီးတစ်နိုင်ငံလုံးကျေးရွာဖွံ့ဖြိုး ရေးစီမံကိန်းများ ရေးဆွဲအကောင်ထည်ဖော်မည့် အစီအစဉ်သစ်ဖြစ်ကြောင်း သိရှိရပါသည်။

ကျွန်ုပ်တို့၏ ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို နိုင်ငံတော်၏အကူအညီဖြင့်ရေးဆွဲရာတွင် ကျေးရွာလူကိုယ်တိုင်တက်ကြွစွာပါဝင်၍ ရေးဆွဲခဲ့ပါသည်။ ယခင်ကဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရေး အတွေ့အကြုံမရှိခဲ့ပါ။ ဤအစီအစဉ်ရေးဆွဲပြီးနောက် ကျေးရွာ၏ဖွံ့ဖြိုးဆိုင်ရာကိန်းဂဏန်း၊ သတင်းအချက်အလက်များပြုစုရန် အရေးကြီးပုံကိုအလေးထားမိလာကြပါသည်။ ထို့အပြင် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး၊ ဌာနဆိုင်ရာများစသည်တို့ထံမှ လိုအပ်သောကိန်းဂဏန်း၊ သတင်းအချက်အလက်များရယူရန်နှင့် ကျွန်ုပ်တို့၏ ကျေးရွာစီမံကိန်းအကောင်ထည်ဖော်ရန် လိုအပ်သောနည်းပညာများရရှိရန် အရေးကြီးကြောင်း ကိုပါသတိပြုမိပါသည်။

ဤအစီအစဉ်တွင်ကျေးရွာ၏ လက်ရှိလူမှုစီးပွားရေးနှင့် ဖွံ့ဖြိုးရေးအခြေအနေများ၊ ကြုံတွေ့နေရသောပြဿနာများ၊ ထိုပြဿနာများဖြစ်ရသည့် အရင်းခံအချက်များ၊ ဖွံ့ဖြိုးရေးကိုအပံ့အပိုးဖြစ်စေသောအချက်များနှင့် အဟန့်အတားဖြစ်စေသောအချက်များ၊ (၅)နှစ်တာကာလအပြီးတွင် ရရှိအောင်ဆောင်ရွက်လိုသည့်ရည်မှန်းချက်များ၊ထိုရည်မှန်းချက်များရရှိရန် ကျွန်ုပ်တို့ကျေးရွာအနေနှင့် ဆောင်ရွက်မည့်နည်းဗျူဟာများ၊ စီမံချက်များကို ရှင်းရှင်းလင်းလင်း ဖော်ပြထားပါသည်။ ထို့ပြင်ဦးစားပေးလုပ်ငန်းများလုပ်ဆောင်ရန် လိုအပ်သောအရာများနှင့် ငွေကြေးရရှိနိုင်မည့် လမ်းကြောင်းများကိုလည်းဖော်ပြထားပါသည်။

ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သောအစိုးရဌာနများ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ အရပ် ဖက်လူမှုရေးအဖွဲ့အစည်းများ၊ ပုဂ္ဂလိကကဏ္ဍ၊ ဘဏ်များ၊ စာပေပညာရှင်များ၊ သတင်းနှင့်ပြည်သူ့ ဆက်သွယ်ရေးအဖွဲ့အစည်းများ၏အာရုံစိုက်မှုကိုရစေပြီး ကျေးရွာဖွံ့ဖြိုးရေးနှင့် ပတ်သက်သူမှန်သမျှတို့သည် ဤအစီအစဉ်မှတ်တမ်း၏အသုံးဝင်မှုများကို သိရှိစေရန်မျှော်လင့်ပါသည်။

**နိုင်ငံတော်အစိုးရအဖွဲ့များအတွက် အသုံးဝင်မှု**

ကျွန်ုပ်တို့၏ ကျေးရွာအဆင့်အားထုတ်မှုများအတွက် မူဝါဒနှင့်ဖွံ့ဖြိုးရေးဆိုင်ရာအကူအညီများကို စုစည်းဆောင်ရွက်ပေးနိုင်ရန် ဤဖွံ့ဖြိုးရေးစီမံချက်ကိုမြို့နယ်အဆင့်၊ ပြည်နယ်နှင့်တိုင်းအဆင့်၊ ပြည်ထောင်စုအဆင့် အစိုးရအဖွဲ့အစည်းများအားတင်ပြမည်ဖြစ်ပါသည်။

ပုဂ္ဂလိကကဏ္ဍအဖွဲ့များအတွက် အသုံးဝင်မှုများအနေဖြင့် ကျေးရွာလူထု၏လိုလားချက်နှင့် ၎င်းတို့၏ စီးပွားရေးဆိုင်ရာဝန်ဆောင်မှုများ ချိတ်ဆက်မှုဖွံ့ဖြိုးလာစေရန် ဗျူဟာမြောက်အောင် ဆောင်ရွက်လာနိုင်မည်ဖြစ်သည်။

အစိုးရမဟုတ်သောအဖွဲ့အစည်းများ(NGOs) ၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများ(CSOs) နှင့် အလှူရှင်အဖွဲ့အစည်းများသည် ကျေးရွာလူထု၏ အမှန်တကယ်လိုအပ်ချက်များနှင့် ဦးစားပေးဆောင်ရွက်ရမည့်လုပ်ငန်းများအားပိုမိုသိရှိလာနိုင်မည်ဖြစ်သည်။

ဘဏ်လုပ်ငန်းရှင်များနှင့် အသေးစားချေးငွေလုပ်ငန်းရှင်များအနေဖြင့် ကျေးလက်ဒေသရှိ ငွေကြေးဆိုင်ရာလိုအပ်ချက်များအတွက် သတင်းအချက်အလက်များ ပိုမိုသိရှိလာနိုင်မည်ဖြစ်သည်။

နည်းပညာအထောက်အပံ့ပေးမည့် အဖွဲ့အစည်းများနှင့် တက္ကသိုလ်များအနေဖြင့် ကျွန်တော်တို့ကျေးရွာနှင့်ကျေးလက်လူထု၏ တိကျသောလိုအပ်ချက်များအား သိရှိလာခြင်းကြောင့် ကျွန်တော်တို့ကျေးရွာနှင့်ဆိုင်သော ၎င်းတို့၏သုတေသနလုပ်ငန်းများကို စီစဉ်ဆောင်ရွက်လာနိုင်မည်ဖြစ်သည်။

မီဒီယာများ၊ ပြန်ကြားဆက်သွယ်ရေးနှင့်ပြည်သူ့အရေး ရပ်တည်မှုပေးသည့် အဖွဲ့အစည်းများအနေဖြင့် ယုံကြည်ရလောက်သည့် သတင်းအချက်အလက်များကိုရရှိနိုင်မည်။

နိုင်ငံတကာဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သည့်ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာငွေကြေးဆိုင်ရာအဖွဲ့အစည်းများ (ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)၊ နိုင်ငံတကာအစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် အလှူရှင်အဖွဲ့အစည်းများအနေဖြင့် ၎င်းတို့အချင်းချင်းပေါင်းစည်းဆောင်ရွက်မှု ပိုမိုကောင်းမွန်စေပြီး ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်များကို မြို့နယ်အဆင့်တွင်ပေါင်းစပ်ညှိနှိုင်းစီစဉ်မှုများ ပြုလာနိုင်ပါမည်။

**၁.၂ စီမံကိန်း၏လွှမ်းခြုံသက်ရောက်မှု**

ယခင်က ဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် အချိန်ကာလတစ်ခုအတွင်း ကျွန်ုပ်တို့ကိုယ်တိုင်တတ်နိုင်သော ငွေကြေး၊ အစိုးရနှင့် အခြားအဖွဲ့အစည်းများထံမှ ရနိုင်မည့် အကူအညီများကို အခြေခံကာ

ဦးစားပေးစီမံကိန်းများချမှတ်ခဲ့ပါသည်။ ယခုအခါ ယင်းသို့မဟုတ်ဘဲကျယ်ပြန့်သည့် ဖွံ့ဖြိုးရေးအမြင်ဖြင့်ရေးဆွဲထားပါသည်။

လူထုဦးဆောင်ပါဝင်သည့် လုပ်ကိုင်နည်းဖြစ်သောကြောင့် လူတိုင်းပါဝင်ခွင့်ရရှိပြီး အမြင်ရှင်းလင်းမှုရစေကာ ဖွံ့ဖြိုးမှုဖြစ်စဉ်တွင် လူထုကိုအဓိကနေရာတွင် ထားရှိခြင်းဖြစ်ပါသည်။ ဤသို့ဖြင့် လုပ်ငန်းများကို လူထုပါဝင်၍စုစည်းခြင်း၊ ဦးစားပေးရွေးချယ်ဆောင်ရွက်ခြင်းအားဖြင့် ကျေးရွာလူထု၏ ဖွံ့ဖြိုးမှုကိုတိတိကျကျ ပံ့ပိုးပေးရာရောက်ပါသည်။

ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးအစီအစဉ်ကို အကောင်အထည်ဖော်ရာတွင်ပစ္စည်းအခက်အခဲ၊ ငွေကြေးအခက်အခဲ၊ နည်းပညာအခက်အခဲများရှိနိုင်ပါသည်။ သို့ဖြစ်၍ လက်တွေ့အကောင်အထည်ဖော်ရာတွင် ကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေးလိုအပ်ချက်များအား အများဆုံးနှင့် အထိရောက်ဆုံးဖြည့်ဆည်းနိုင်မည့် စီမံကိန်းများကို ဦးစားပေးရွေးချယ်ဆောင်ရွက်ပါမည်။ ကျွန်ုပ်တို့၏ စွမ်းရည်နှင့် လိုအပ်သောအရင်းအနှီးများပြည့်စုံမှုပေါ်မူတည်၍ နောင်တွင်တဖြည်းဖြည်း တိုးချဲ့ဆောင်ရွက်သွားမည့် အစီအစဉ်မျိုးဖြစ်ပါသည်။

**၂။ ပထဝီအနေအထားနှင့် သဘာဝသယံဇာတအရင်းအမြစ်များ**

**(က) တည်နေရာ၊ ရာသီဥတုနှင့်မြေမျက်နှာသွင်ပြင်အနေအထား**

လေးတူးအနောက်ကျေးရွာသည် ဧရာဝတီတိုင်းဒေသကြီး၊ ဟင်္သာတခရိုင်၊ ဇလွန်မြို့နယ် လေးတူးအနောက်အုပ်စု အတွင်း၌တည်ရှိပါသည်။ လေးတူးအနောက်ကျေးရွာသည် မြောက်ဘက်တွင် ပေါက်ကုန်းကျေးရွာ၊ တောင်ဘက်တွင် တယောတပုံကျေးရွာ တို့နှင့်ထိစပ်လျက်ရှိပါသည်။ ပင်လယ်ရေမျက်နှာပြင်အထက်(၅၄)ခန့်တွင် တည်ရှိပါသည်။ တစ်နှစ်လုံး တွင်(၅)လခန့် မိုးရွာသွန်းပြီး၊ ဆောင်းရာသီ၌ အသင့်အတင့်အေးကာ နွေရာသီကာလများ၌ ယခင်နွေကာလများ ထက်တဖြည်းဖြည်း ပို၍ပူလာသည်ကို တွေ့ကြုံရပါသည်။ လေးတူးအနောက်ကျေးရွာသည် ဇလွန်မြို့နယ်နှင့် (၄)မိုင် ခန့်ကွာဝေးပြီး လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်သော ကျေးရွာဖြစ်ပါသည်။ ကျေးရွာသည် ရွာတန်းရှည်ပုံစံဖြစ်ပါသည်။ ကျေးရွာသည် မြေပြန့်မြေနိမ့်ဒေသဖြစ်ပြီး အဓိက အသက်မွေးဝမ်းကျောင်းလုပ်ငန်းမှာ စိုက်ပျိုးရေးလုပ်ငန်းဖြစ်ပါသည်။ ဒေသ၏တစ်နှစ်ပျမ်းမျှမိုးရေချိန်လက်မမှာ(၄၈)အထက်ရှိပြီး လယ်မြေသည် စပါးနှင့်မတ်ပဲတို့ကို အဓိကစိုက်ပျိုးပြီး အသက်မွေးဝမ်းကျောင်းပြုကြပါသည်။

**(ခ) သဘာဝအရင်းအမြစ်**

လေးတူးအနောက်ကျေးရွာတွင် ကျောက်နှင့်သဲ လုံးဝမထွက်ရှိပါ။ တွင်းထွက်သယံဇာတများ၊ သဘာဝအပင်မျိုးစိတ်များ၊ သဘာဝတိရစ္ဆာန်မျိုးစိတ်များ ရရှိနိုင်မှုမရှိပါ။ လယ်လုပ်ငန်းများအတွက် နွားအသုံးပြုမှုရှိသောကြောင့် နွားစာအတွက် မြက်များကို လယ်တောများတွင် အလွယ်တကူ ရရှိနိုင်

ပါသည်။ စားကျက်မြေ(၃)ကေရှိပါသည်။ဆေးဘက်ဝင်အပင်များဖြစ်သော ဝွေးတောက်ပင်၊ ကျောက်မုန်းရွက်ပင်၊ ကနဖော့ပင်၊ ဆင်နှာမောင်းပင်၊ သရင်းကျီးပင်၊ ဘီးစပ်ပင်၊ လောက်သေပင်၊ ဘောက်ပင်၊ ဆင်တုံးမနွယ်ပင်များ ရှိပါသည်။

**၃။ ကျေးရွာလူမှုဖွံ့ဖြိုးတိုးတက်ရေးအခြေအနေ**

**(က) လူဦးရေဆိုင်ရာအချက်အလက်များ**

လေးတူးအနောက်ကျေးရွာတွင် အိမ်ခြေ(၁၀၆)အိမ်၊ အိမ်ထောင်စု (၁၀၆)နှင့် လူဦးရေ(၄၀၁) ဦး၊ ကလေးငယ်အရွယ်(၁၄)%၊ ကျောင်းနေအရွယ်(၁၃)%၊ အလုပ်လုပ်နိုင်သောအရွယ် (၆၇)%၊ သက်ကြီးရွယ်အို(၆)%ရှိပါသည်။ တစ်အိမ်ထောင်လျှင် ပျမ်းမျှ(၄.၄)ဦးနှုန်းရှိပြီး နိုင်ငံတော်၏တစ်အိမ်ထောင် ပျမ်းမျှနှုန်း(၅)ဦးထက်လျော့နည်းသည်။ ကျေးရွာတွင် ကရင်လူမျိုးများနေထိုင်ကြပါသည်။ ကျေးရွာတွင် အမျိုးသား(၁၈၇)ဦး၊ အမျိုးသမီး(၂၀၅)ဦးရှိသဖြင့် ကျားမအချိုးများပြားစွာ ကွာဟမှုမရှိသောကြောင့်အမျိုးသမီးများ လုပ်ကိုင်နိုင်သည့်အလုပ်များကိုပါ ထည့်သွင်းစဉ်းစားပြီး အလုပ်အကိုင်များကို ဖန်တီးပေးနိုင်ပါက လူ့စွမ်းအားအရင်းအမြစ်ကို ထိရောက်စွာအသုံးချနိုင်ပြီး ကျေးရွာဖွံ့ဖြိုးရေးအတွက် ပိုမိုအထောက်အအကူပြုစေနိုင်ပါမည်။

**(ခ) စီးပွားရေးအခြေအနေ - ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု**

ကျေးရွာတွင် လယ်စိုက်ပျိုးရေးကို အများဆုံးလုပ်ကိုင်ကြပြီး မိသားစုအပိုဝင်ငွေရရှိရေး တစ်ပိုင်တစ်နိုင် နွား၊ မြင်း၊ ကြက်၊ ဝက်မွေးမြူခြင်း၊ ရာသီအလိုက် လယ်ယာလုပ်ငန်းခွင်တွင် ကျပန်းအလုပ်လုပ်ကိုင်ခြင်း၊ ထော်လာဂျီမောင်းခြင်း၊ ဆိုင်ကယ်ကယ်ရီလိုက်ခြင်းတို့ဖြင့် အဓိကအသက်မွေးကြပါသည်။ လယ်လုပ်ငန်းအဓိကလုပ်ကိုင်သူ(၇၉)%၊ လယ်လုပ်ငန်း၊ ခြံလုပ်ငန်းများတွင် ရာသီအလိုက်နေ့စား အလုပ်လုပ်ကိုင်သူ(၂၁)% လုပ်ကိုင်သူနှင့် ဝန်ထမ်းလုပ်ကိုင်သူများလည်းရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

လေးတူးအနောက်ကျေးရွာ၏ စိုက်ပျိုးမြေပိုင်ဆိုင်မှုမှာ လယ်မြေကေ(၂၅၃)ကေ၊ ခြံမြေကေ (၂)ကေ၊ စုစုပေါင်း(၂၅၅)ကေဖြစ်ကြောင်း၊ ဓနိတောမြေ၊ မြေလွတ်မြေလပ်များမရှိကြောင်း လေ့လာတွေ့ရှိရပါသည်

လေးတူးအနောက်ကျေးရွာ၏ ဥစ္စာဓနအဆင့်အခြေအနေမှာ အဆင်ပြေသော အိမ်ထောင်စု ၁၀အိမ် (၉%)၊ အလယ်အလတ်ရှိသောအိမ်ထောင်စု ၃၇အိမ်(၃၅%)၊ ဆင်းရဲသော အိမ်ထောင်စု ၅၉အိမ်(၅၆%)၊ အလွန်ဆင်းရဲသော အိမ်ထောင်စု မရှိကြောင်း လေ့လာတွေ့ရှိရပါသည်။ အဆင်ပြေသောအိမ်ထောင်စုများမှာလယ်နှင့် ခြံလုပ်ငန်းအဓိကလုပ်ကိုင်ကြပြီး (၇)ကေနှင့်(၁၈) ကေကြား လယ်မြေများပိုင်ဆိုင်သူများဖြစ်ကြကြောင်း၊ လုပ်ငန်းသုံးထွန်စက်ယ်များ ပိုင်ဆိုင်ကြကြောင်း၊ သစ်အိမ် အများဆုံးဖြစ်ကြောင်းတွေ့ရှိရပါသည်။ အလယ်အလတ်ရှိသော အိမ်ထောင်စုများမှာလယ်

နှင့်ခြံအဓိကလုပ်ကိုင်ကြပြီး (၂)ကေနှင့်(၇)ကေကြား လယ်မြေများပိုင်ဆိုင်ကြကြောင်း၊ သစ်အိမ်အများဆုံးဖြစ်ကြောင်း တွေ့ရှိရပါသည်။ မပြေလည်သော အိမ်ထောင်စုများမှာ ရာသီအလိုက်နေ့စားကျပန်းလုပ်ကိုင်ကြသော မြေယာမဲ့ဖြစ်ကြကြောင်း၊ ဝါးအိမ်များဆုံးဖြစ်ကြောင်း လေ့လာတွေ့ရှိရပါသည်။ လေးတူးအနောက်ကျေးရွာတွင် အိမ်ထောင်စု(၁၀၆)စု အနက်မြေယာမဲ့ အိမ်ထောင်စု(၅၉)% ရှိကြောင်း၊ ဆင်းရဲသားတောင်သူ(၃၇)%ရှိကြောင်း၊ တောင်သူငယ်အိမ်ထောင်စု(၁၀)%ရှိကြောင်း၊ စိုက်ပျိုးမြေယာကေ(၅)ကေနှင့်(၁၂.၅)ကေကြား ပိုင်ဆိုင်သူ တောင်သူလတ်အိမ်ထောင်စု (၁၃)%ရှိကြောင်း၊ စိုက်ပျိုးမြေယာကေ(၁၂.၅)ကေ အထက်ပိုင်ဆိုင်သူ တောင်သူကြီးအိမ်ထောင်စု(၁၀)%ရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

လေးတူးအနောက်ကျေးရွာသည် လယ်လုပ်ငန်းအား အဓိကလုပ်ကိုင်သောဒေသဖြစ်သဖြင့် လယ်ယာစိုက်ပျိုးရေးသုံး စက်ကိရိယာများပိုင်ဆိုင်မှုမှာ ထွန်စက်(၁၄)စီး၊ ခြွေလှေ့စက်(၁၁)စီး၊ ရေစုပ်စက်(၇)စီး၊ မြက်ရိတ်စက်(၂၀)ခု၊ ထွန်စက်အားငှားရမ်းလုပ်ကိုင်နေသော အိမ်ထောင်စု(၃၄) အိမ်၊ ရိတ်သိမ်းခြွေလှေ့စက်အား ငှားရမ်းလုပ်ကိုင်နေသော အိမ်ထောင်စု(၃၅)အိမ်၊ ရေစုပ်စက်အားငှားရမ်းလုပ်ကိုင်နေသော အိမ်ထောင်စု(၇)အိမ်၊ ခြွေလှေ့စက်ငှားရမ်းလုပ်ကိုင်သူ အိမ်ထောင်စု(၂၄) အိမ်ရှိပြီး ကျေးရွာတွင်းရှိ အခြားဝင်ငွေရလုပ်သားများမှ ရာသီမရွေးအလုပ်မလုပ်ကိုင်နိုင်ခြင်းကြောင့် ဝင်ငွေ/ထွက်ငွေမမျှတ၍ စီးပွားရေးအခက်အခဲ နှစ်စဉ်ကြုံတွေ့နေရပါသည်။

**(ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်လွယ်မှု**

လေးတူးအနောက်ကျေးရွာရှိ အိမ်ထောင်စုပေါင်း(၁၀၆)အနက် (၃)လအောက် ဝမ်းစာမဖူလုံ၍ လုပ်အားခကြိုယူ၍ စားဝတ်နေရေးဖြေရှင်းနေရသော အိမ်ထောင်စုမရှိပါကြောင်း လေ့လာတွေ့ရှိရပါသည်။

လေးတူးအနောက်ကျေးရွာတွင် မိသားစုစောင့်ရှောက်မှုနည်းပါးသည့် သက်ကြီးရွယ်အို(၆၄) နှစ်နှင့်အထက် ကျား(၁၉)ဦး၊ မ(၃၀)ဦးရှိကြောင်း၊ ဆင်းရဲ၍ မိသားစုဦးရေများသည့် အမျိုးသမီးဦးဆောင်သည့် အိမ်ထောင်စု(၈)အိမ်၊ ဆင်းရဲ၍မိသားစုဦးရေများသည့် မုဆိုးဖို/တစ်ခုလပ်အိမ်ထောင်စု မရှိပါကြောင်းနှင့် အခြားဒေသသို့ကြာမြင့်စွာသွားရောက်လုပ်ကိုင်နေသောဆင်းရဲသည့် အိမ်ထောင်စု မရှိကြောင်းလေ့လာ တွေ့ရှိရပါသည်။

လေးတူးအနောက်ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှုအခြေအနေတွင် အဆင်ပြေသော အိမ်ထောင်စုနှင့် အလယ်အလတ်ရှိသောအိမ်ထောင်စုများမှာ အန္တရာယ်ရှိနိုင်သည့် ထိခိုက်သက်ရောက်မှုများမရှိကြောင်း၊ မပြေလည်သောအိမ်ထောင်စုများမှာ (၃)လအောက် စားနပ်ရိက္ခာ မဖူလုံသောကြောင့် လုပ်အားခကြိုတင်ယူ၍ မိသားစုစားဝတ်နေရေးအတွက် ဖြေရှင်းရသည့် အခြေအနေမျိုးမရှိကြောင်း လေ့လာတွေ့ရှိရပါသည်။ ကျေးရွာသည် သဘာဝရင်းမြစ်(မြေ၊ စိုက်ပျိုးရေ) ရှားပါးမှု၊ မိုးခေါင်မှု၊ အအေးလွန်ကဲမှု၊ ပြင်းထန်သောမုန်တိုင်း၊ ငလျင်ဒဏ်၊ မီးဘေး၊ သစ်တော

ပြန့်နှံမှု၊ ငှက်ဖျားရောဂါ၊ ကိုယ်ခံအားကျဆင်းမှုရောဂါ၊ ကျေးရွာတွင်းပဋိပက္ခ၊ တိရစ္ဆာန်ကူးစက်ရောဂါကျရောက်မှု၊ လူကုန်ကူးမှုစသည့် ထိခိုက်မှုမျိုးမရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

လေးတူးအနောက်ကျေးရွာတွင် ထိခိုက်သက်ရောက်မှုခံရသူများအတွက် အုပ်စုကဏ္ဍအလိုက် ခွဲခြား သတ်မှတ်ရာတွင် မြေယာမဲ့ဆင်းရဲသားတောင်သူ ကျပန်းအလုပ်သမားများနှင့် အမျိုးသမီး ဦးဆောင်သည့်အိမ်ထောင်စုများသည် အလုပ်အကိုင်အခွင့်အလမ်းနည်းပါးသော်လည်း ထိခိုက်သက်ရောက်မှုနိမ့်ကြောင်း၊ လူငယ်များသည် အရက်သေစာသောက်စားမှုရှိသောကြောင့် ထိခိုက်သက်ရောက်မှုအနည်းအကျဉ်းသာရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

**(ဃ) ကျန်းမာရေးနှင့် အာဟာရ**

လေးတူးအနောက်ကျေးရွာတွင် သာမန်ရာသီဖျားရောဂါများမှလွဲပြီး အခြားရောဂါဘယဖြစ်ပွားမှုနည်းပါးကြောင်း၊ ရာသီချိန်များတွင် ဖြစ်တတ်သည့် ဝမ်းပျက်ဝမ်းလျှော၊ သွေးလွန်တုပ်ကွေးစသည့် ရောဂါဖြစ်ပွားမှုအနည်းအကျဉ်းရှိသော်လည်း ပျံ့နှံ့ကူးစက်မှုအန္တရာယ်မရှိကြောင်း၊ ကျေးရွာနှင့် (၃)မိုင်ခန့်အကွာတွင် ပျဉ်းမကုန်းတိုက်နယ်ဆေးရုံရှိသဖြင့် ကျန်းမာရေးဝန်ဆောင်မှုများ ကောင်းစွာရရှိပြီး အဆင်ပြေမှုရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

လေးတူးအနောက်ကျေးရွာတွင် လွန်ခဲ့သော(၁၂)လအတွင်း၌ မေးခိုင်ကာကွယ်ဆေးထိုးနှံခြင်းများနှင့် အခြားစုပေါင်းကာကွယ်ဆေးအနေဖြင့် ဆင်ခြေထောက်ရောဂါကာကွယ်ဆေး၊ ဂျပန်ဦးနှောက်ရောင်ကာကွယ်ဆေးထိုးနှံမှုများရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

လေးတူးအနောက်ကျေးရွာတွင် ကျန်းမာရေးအထောက်အပံ့နှင့် ဝန်ဆောင်မှုများအနေဖြင့် ကျေးရွာနှင့်(၁)မိုင်ခန့်အကွာ ငွေးကုန်းကျေးရွာအတွင်းတွင် ကျေးလက်ကျန်းမာရေးဌာနရှိခြင်း၊ (၃) မိုင်ကွာဝေးသော ပျဉ်းမကုန်းတွင် တိုက်နယ်ဆေးရုံရှိခြင်း၊ ဆေးရုံအတွင်းတွင် အခန်း၊ ကုတင် ပြည့်စုံလုံလောက်မှုရှိခြင်း၊ ကျေးရွာနှင့်(၄)မိုင်အကွာတွင် ဇလွန်မြို့နယ်ပြည်သူ့ဆေးရုံကြီးရှိပြီး လိုအပ်သောအခန်း၊ ကုတင်ပြည့်စုံလုံလောက်မှု ရှိခြင်းတို့ကြောင့် ကျန်းမာရေး နှင့်ပတ်သက်၍ အခက်အခဲတစ်စုံတစ်ရာမရှိကြောင်း၊ အဆင်ပြေပါကြောင်း လေ့လာတွေ့ရှိရပါသည်။

**(င) ပညာရေးနှင့် ကျွမ်းကျင်မှုများ**

လေးတူးနောက်ကျေးရွာတွင် စာမတတ်သူဦးရေ ကျား(၂၃)ဦး၊ မ(၂၀)ဦး စုစုပေါင်း(၅၃)ဦး (၁၃)%ရှိကြောင်း၊ မူလတန်းအဆင့်ရှိသူဦးရေ ကျား(၁၁၇)ဦး၊ မ(၁၄၁)ဦး၊ စုစုပေါင်း (၂၅၈)ဦး၊ (၆၅)% ရှိကြောင်း၊ အလယ်တန်းအဆင့်ရှိသူဦးရေ ကျား(၂၆)ဦး၊ မ(၁၉)ဦး၊ စုစုပေါင်း(၄၅)ဦး၊ (၁၂)% ရှိကြောင်း၊ အထက်တန်းအဆင့်ရှိသူဦးရေ ကျား(၁၆)ဦး၊ မ(၁၄)ဦး၊ စုစုပေါင်း(၃၀)ဦး၊ (၇)%ရှိကြောင်း၊ တက္ကသိုလ်/ကောလိပ် အဆင့်ရှိသူဦးရေ ကျား(၆)ဦး၊ မ(၉)ဦး၊ စုစုပေါင်း(၁၅)ဦး၊ (၄)%ရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

လေးတူးအနောက်ကျေးရွာ၌ လက်ရှိကျောင်းတက်နှုန်းအဆင့်မှာ မူလတန်းအဆင့်ကျား(၁၂)ဦး၊ မ(၂၀)ဦး၊ စုစုပေါင်း(၃၂)ဦး၊ (၄၆)%ရှိကြောင်း၊ အလယ်တန်းအဆင့် ကျား(၉)ဦး၊ မ(၁၂)ဦး၊ စုစုပေါင်း(၂၁)ဦး၊ (၃၁)%ရှိကြောင်း၊ အထက်တန်းအဆင့်ကျား(၄)ဦး၊ မ(၄)ဦး၊ စုစုပေါင်း(၈)ဦး၊ (၁၁)% ရှိကြောင်း၊ တက္ကသိုလ်/ကောလိပ်အဆင့် ကျား(၅)ဦး၊ မ(၄)ဦး၊ စုစုပေါင်း(၉)ဦး၊ (၁၂)%ရှိကြောင်း တို့ဖြစ်ကြောင်း လေ့လာတွေ့ရှိရပါသည်။

လေးတူးအနောက်ကျေးရွာ ရွာထိပ်တွင် (အ.မ.က)မူလွန်ကျောင်းကို ဆောက်လုပ်ထားပါသည်။ ကျောင်းတွင်ကျောင်းဆရာမ(၃)ဦးရှိကြောင်း၊ ဆရာ/တပည့် အချိုးညီစွာဖြင့် ပညာ သင်ကြားနေကြောင်း၊ ကျောင်းသုံးပရိဘော ဂပစ္စည်းများလုံလောက်မှုရှိကြောင်း၊ **ကျေးရွာစာသင် ကျောင်း**မှာ လက်ရှိကျောင်းသားဦးရေနှင့် စာသင်ဆောင်မှာ အခက်အခဲရှိသဖြင့် စာသင်ကျောင်းဆောင်သစ်တိုးချဲ့ဆောက်လုပ်ရန် လိုအပ်နေကြောင်း၊ မိသားစုစားဝတ်နေရေး အရသော်လည်း ကောင်း(သို့) ကျောင်းသူ/ကျောင်းသားတို့၏ စိတ်ဝင်စားမှုအားနည်းမှုတို့ကြောင့် လည်းကောင်း မူလတန်းအဆင့်ဖြင့် ကျောင်းထွက်နှုန်းဦးရေများပြားကြောင်း လေ့လာတွေ့ရှိရပါသည်။

**(စ) ကျားမဆိုင်ရာဆက်နွယ်မှု**

လေးတူးအနောက်ကျေးရွာရှိ ကျား၊ မ ရေးရာအခန်းကဏ္ဍပါဝင်နှင့် ပတ်သက်၍ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် အဖွဲ့အစည်းများတွင် အမျိုးသမီးများတက်ကြွစွာ ပါဝင်ဆောင်ရွက်သော်လည်း အခန်းကဏ္ဍနည်းပါးနေသေးကြောင်း၊ ဦးဆောင်မှုနည်းပါးနေသေးကြောင်း၊ ကျေးရွာစီမံအုပ်ချုပ်မှုစနစ်တွင် အမျိုးသမီးများတက်ကြွစွာ ပါဝင်မှု/ခေါင်းဆောင်မှု အခြေအနေမျိုးမရှိကြောင်း၊ လွန်ခဲ့သောနှစ်အတွင်း ကျေးရွာအတွင်းရှိ မိန်းကလေးများ/အမျိုးသမီးများအား သံသယဖြစ်ဖွယ်အကြမ်းဖက်မှု (သို့) တိုင်ကြားမှုများ မရှိခဲ့ကြောင်း၊ အမျိုးသမီးရေးရာ အကြမ်းဖက်မှုများအတွက် ဥပဒေနှင့်တရားမျှတမှုဆိုင်ရာများအတွက် ကျေးရွာသူ/ကျေးရွာသားများ ထိုက်သင့်သလောက်အသိမြင်ရှိပါကြောင်း လေ့လာတွေ့ရှိရပါသည်။

လေးတူးအနောက်ကျေးရွာသည် လယ်နှင့်ခြံလုပ်ငန်း တစ်မျိုးတည်း အဓိကလုပ်ကိုင်သောကျေးရွာဖြစ်သဖြင့် လယ်နှင့်ခြံများတွင် ရာသီအလိုက်နေ့စားလုပ်ကိုင်ကြသည့် ယောကျ်ားလေးများ၏ လုပ်အားခ နှုန်းထားအများဆုံးမှာ (၈၀၀၀)ကျပ်၊ အနည်းဆုံးမှာ(၅၀၀၀)ကျပ်၊ မိန်းကလေးများ၏ လုပ်အားခနှုန်းထားအများဆုံးမှာ(၅၀၀၀)ကျပ်၊အနည်းဆုံးမှာ(၃၀၀၀)ကျပ်ဖြစ်ကြောင်း၊ ဆောက်လုပ်ရေး လက်သမားများ၏ လုပ်အားခနှုန်းထားအများဆုံးမှာ(၈၀၀၀)ကျပ်၊ အနည်းဆုံးမှာ(၆၀၀၀)ကျပ် ဖြစ်ကြောင်းလေ့လာတွေ့ရှိရပါသည်။

## ၄။ကဏ္ဍအသီးသီး၏လက်ရှိဖွံ့ဖြိုးမှုအခြေအနေများ

### (က) ဖွံ့ဖြိုးရေးဆိုင်ရာစီမံအုပ်ချုပ်မှု

ကျေးရွာတွင် သီးသန့်အဖွဲ့အစည်း ဖွဲ့စည်းထားခြင်းမရှိသော်လည်း လူမှုရေး၊ စီးပွားရေး၊ သာရေး၊ နာရေးကိစ္စရပ်များတွင် လူကြီး၊ လူငယ်၊ ကျား၊ မ ပူးပေါင်းပါဝင်ဆောင်ရွက်တတ်သည့် အလေ့အကျင့်ကောင်းများရှိပါသည်။ ကျေးရွာသူ ကျေးရွာသားများသည် ဗမာလူမျိုးများဖြစ်ကြပြီး ကျေးရွာတွင် ဆေးပေးခန်း၊ စာသင်ကျောင်း၊ ဘုန်းကြီးကျောင်းတို့ရှိပါသည်။

လေးတူးအနောက်ကျေးရွာတွင် ဖွဲ့စည်းထားသော ကျေးရွာတွင်း လူထုအခြေပြုအဖွဲ့အစည်းများမှာ ဂေါပကအဖွဲ့၊ ပရဟိတအဖွဲ့၊ မိဘဆရာအသင်းအဖွဲ့ အုပ်ချုပ်ရေးအဖွဲ့တို့ဖြစ်ပါသည်။

### (ခ) သီးနှံ၊ သားငါး ထုတ်လုပ်ရေးကဏ္ဍ

လေးတူးအနောက်ကျေးရွာသည် စပါးနှင့်ပဲအား အဓိကသီးနှံအဖြစ် စိုက်ပျိုးကြပြီးစပါး(၁)ဧကပျမ်းမျှအထွက်နှုန်း(၇၀)တင်း၊ ပဲ(၁)ဧကပျမ်းမျှအထွက်နှုန်း (၁၀)တင်း၊ သီးနှံများအတွက်ပံ့ပိုးရသော သွင်းအားစု လိုအပ်ချက်မှာပုံမှန်ဖြစ်ကြောင်း၊ သီးနှံများဖြစ်ထွန်းမှု အကျိုးအမြတ်ရရှိမှုများမှာလည်း သင့်တင့်ကောင်းမွန်ကြောင်း၊ စပါးနှင့် မတ်ပဲကို အဓိကထားအားထားစိုက်ပျိုးရာဒေသဖြစ်ကြောင်း လေ့လာတွေ့ရှိရပါသည်။

လေးတူးအနောက်ကျေးရွာ၏ သီးနှံအထွက်နှုန်းတိုးစေရန်အတွက် အခွင့်အလမ်းကောင်းများမှာ လယ်လုပ်ငန်းကို အဓိကစိုက်ပျိုးရေးဒေသဖြစ်သဖြင့် လယ်မြေကို ကောင်းစွာအသုံးချကြခြင်း၊ စိုက်ပျိုးရေး အတွက်လိုအပ်သော ဓါတုပိုးသတ်ဆေး၊ ဓါတ်မြေဩဇာနှင့် အခြားဓါတုဗေဒသွင်းအားစုများ ဝယ်ယူရရှိနိုင်ခြင်း၊ အလုပ်သမားရနိုင်ခြင်း၊ စိုက်ပျိုးရေးသုံးချေးငွေတို့ရရှိနိုင်ခြင်း၊ စိုက်ပျိုးရေးအတွက် လိုအပ်သောသွင်းအားစုရေကို လေးတူးအနောက်ကျေးရွာမှ တိုက်ရိုက်ရရှိနိုင်ခြင်း၊ လယ်မြေဆီမြေလွှာ ကောင်းမွန်ခြင်းတို့ဖြစ်ကြပါသည်။

ကျေးရွာသည် သီးနှံထုတ်ကုန်များစိုက်ပျိုးထုတ်လုပ်ရာတွင် ထွန်စက်များ၊ လက်တွန်းထွန်စက်များ၊ အစေ့ချစက်များ၊ ခြွေလှေ့စက်များ၊ ရေစုပ်စက်များ၊ မြက်ရိတ်စက်များဖြင့် အသုံးပြု၍ ထုတ်ကုန်များ ရရှိရန်အသုံးပြုပါသည်။ စိုက်ပျိုးရာတွင် ရာသီဥတုသင့်တင့်ခြင်း၊ စိုက်ပျိုးရေရရှိမှုပေါ်များကောင်းမွန်ပါသည်။ ချေးငွေနှင့်ငွေကြေးဝန်ဆောင်မှုများလည်း စိုက်ပျိုးရေးအတွက် ရရှိပါသည်။ စိုက်ပျိုးရေးသုံးသီးနှံမျိုးစေ့များ ဝယ်ယူရရှိနိုင်ပါသည်။ လုပ်သားများကိုလည်း စိုက်ပျိုးရေးအတွက် ရရှိနိုင်ပါသည်။

လေးတူးအနောက်ကျေးရွာတွင် မွေးမြူရေးလုပ်ငန်းဆောင်ရွက်မှုမှာ နွားမွေးမြူသောအိမ်ထောင်စု(၂)အိမ် အကောင်ရေ(၄)ကောင်၊ ဝက်မွေးမြူသောအိမ်ထောင်စု (၁၂)အိမ် အကောင်ရေ

(၁၆) ကောင်၊ မြင်းမွေးမြူသောအိမ်ထောင်စု (၅)အိမ် အကောင်ရေ (၈)ကောင်၊ ဘဲ၊ ကျွဲ၊ မြည်း၊ လား၊ ဆိတ်၊ သိုး မွေးမြူသော အိမ်ထောင်စု မရှိကြောင်း လေ့လာ တွေ့ရှိရပါသည်။ လေးတူးအနောက် ကျေးရွာတွင် ဝက်၊ နွားမွေးမြူရေးကဏ္ဍတွင် ပြဿနာအခက် အခဲများရှိ၍ စီးပွားဖြစ်မမွေးမြူကြ ခြင်းမဟုတ်ပါ။ ငါးလုပ်ငန်းနှင့်ပတ်သက်၍ ချောင်းထဲတွင်ဟင်းစားအဖြစ် ရှာဖွေစားသောက်ကြ ကြောင်း လေ့လာတွေ့ရှိရပါသည်။

**(ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ**

ကျေးရွာတွင် လယ်စိုက်ပျိုးရေးကို အများဆုံးလုပ်ကိုင်ကြပြီး မိသားစုအပိုဝင်ငွေရရှိရေး တစ်ပိုင်တစ်နိုင် ကြက်၊ ဝက်မွေးမြူခြင်း၊ ရာသီအလိုက် လယ်ယာ/ ခြံ လုပ်ငန်းခွင်တွင် ကျပန်း အလုပ်လုပ်ကိုင်ခြင်းဖြင့် အဓိကအသက်မွေးကြပါသည်။ လယ်နှင့်ခြံလုပ်ငန်း အဓိက လုပ်ကိုင် သူ(၅၀)%၊ လယ်လုပ်ငန်းများတွင် ရာသီအလိုက်နေ့စားအလုပ် လုပ်ကိုင်သူ(၅၈)%ရှိကြောင်း လေ့လာတွေ့ရှိရပါသည်။ ကျေးရွာ၏ဒေသထွက်ကုန်များအား ရောင်းချရန်ဈေးကွက်ကောင်းရှိပါ သည်။ လေးတူးအနောက်ကျေးရွာသည် ဇလွန်မြို့နှင့် (၄)မိုင်ကွာဝေးပြီး လျှပ်စစ်မီးမရရှိသေးသည့် အတွက် စိုက်ပျိုးရေး၊ မွေးမြူရေးမဟုတ်သော အခြားအသက်မွေးဝမ်းကျောင်းလုပ်ကိုင် သူများသည် လက်ရှိအခြေအနေထက် ပိုမိုကောင်းမွန်သည့် အလုပ်အကိုင်အခွင့်အလမ်းများ၊ ဝင်ငွေတိုးပွားမှုများ မရရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

**(ဃ) သဘာဝပါတ်ဝန်းကျင်နှင့်သယံဇာတစီမံခန့်ခွဲမှု**

**လေးတူးအနောက်**ကျေးရွာ၏ သဘာဝပတ်ဝန်းကျင်နှင့် သဘာဝအရင်းမြစ်များ စီမံခန့်ခွဲမှု စနစ်၌ လယ်အဓိကလုပ်ကိုင်သော ကျေးရွာဖြစ်သဖြင့် လယ်စိုက်ပျိုးရေးလုပ်ငန်းတို့မှ ထွက်ရှိသော အမှိုက်များအား မြေဩဇာအဖြစ်ပြန်လည်သုံးစွဲခြင်းများ ပြုလုပ်လေ့ရှိကြောင်း၊ နေအိမ်များမှထွက်ရှိ သည့် စွန့်ပစ်ပစ္စည်းများအား တစ်ဦးချင်းတစ်ယောက်ချင်း စနစ်တကျ စွန့်ပစ်ကြခြင်းများပြုလုပ်ကြ သော်လည်း ကျေးရွာအဆင့် သီးသန့်နေရာ စီမံထားခြင်းမျိုးမရှိကြောင်း၊ စွန့်ပစ်ပစ္စည်း များကြောင့် ဆိုးကျိုးဖြစ် ပွားမှုအန္တရာယ်မရှိကြောင်း လေ့လာတွေ့ရှိရပါသည်။ ယခုနှစ်အခါ၌ လယ်ယာစိုက်ခင်း များတွင် ဖျက်ပိုးကျရောက်မှုဆိုးရွားကြောင်း၊ ဖျက်ပိုးကျရောက်မှုကိုကာကွယ်ရန် သဘာဝမြေဩဇာ သုံးစွဲမှု နည်းပါးပြီးအလွယ်တကူ အသုံးပြုနိုင်သော ပိုးသတ်ဆေးများကိုသာ အသုံးပြုလေ့ရှိကြောင်း၊ စိုက်ပျိုးရေးမျိုးကောင်းမျိုးသန့်များ ရရှိရေးလိုအပ်ကြောင်း လေ့လာတွေ့ ရှိရပါသည်။

**(င) ဘဏ်နှင့်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု**

ကျေးရွာတွင် လယ်သမားများမှာ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ စိုက်ပျိုးရေးချေးငွေ (အတိုးနှုန်း ပြား ၈၀)ဖြင့် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းအတွက် ချေးယူသုံးစွဲကြသည်။ ငွေတိုးချေး သူများထံမှ(အတိုးနှုန်း၅ကျပ်)နှုန်းဖြင့်ချေးယူသူအနည်းအကျဉ်းမျှသာရှိပါသည်။

ကျေးရွာသားအများစုသည် ချေးငွေကို အဓိကအားဖြင့် ရိက္ခာ၊ ဝင်ငွေရလုပ်ငန်း၊ ကျန်းမာရေး၊ ပညာရေးဆိုင်ရာကိစ္စရပ်များအတွက် ချေးယူကြကြောင်း တွေ့ရှိရပါသည်။ ဆင်းရဲ၊ အလွန်ဆင်းရဲ အိမ်ထောင်စုများ၏ အကြွေးတင်ရှိမှုကို လေ့လာဆန်းစစ်ချက်အရ အကြွေးတင်ရှိမှု နည်းပါးကြောင်း တွေ့ရသည်။

**(စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး**

လေးတူးအနောက်ကျေးရွာ၏ သောက်သုံးရေရရှိမှုမှာ ရေတွင်းအသုံးပြုသူ အိမ်ထောင်စုမရှိကြောင်း၊ ကိုယ်ပိုင်တုံကင်တွင်း (စက်တပ်)အသုံးပြုသူ အိမ်ထောင်စု(၄)အိမ်ရှိကြောင်း၊ ကိုယ်ပိုင်တုံကင်တွင်းအသုံးပြုသူ အိမ်ထောင်စု (၃၀)အိမ် ရှိကြောင်း၊ တုံကင်တွင်းနှင့် မြစ်ချောင်း တို့မှ နွေ၊ မိုး၊ ဆောင်း၊ ရာသီသုံးပါးစလုံး သောက်သုံးရေအတွက် လုံလောက်မှုရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

လေးတူးအနောက်ကျေးရွာတစ်ရွာလုံး ရေလောင်း/ယင်လုံအိမ်သာများ ဆောက်လုပ်သုံးစွဲကြကြောင်း လေ့လာတွေ့ရှိရပါသည်။

ရွာ၏ပတ်ဝန်းကျင်သန့်ရှင်းရေးမှာ ညံ့နေပါသည်။ လူနေအိမ်များတွင် မီးဖိုသုံးအမှိုက်များကို စနစ်တကျမထားခြင်း၊ ပလတ်စတစ်အိပ်များ အလွယ်တကူစွန့်ပစ်ခြင်း၊ စိုက်ပျိုးရေးသုံးဆေးဝါးများ လွန်ကျွံစွာသုံးစွဲခြင်း၊ စိုက်ပျိုးရေးသုံးဗူးခွံများအား လယ်/ကိုင်းထဲတွင် အလွယ်တကူစွန့်ပစ်သည်များကို တွေ့ရှိရပါသည်။ ထို့ကြောင့် ပတ်ဝန်းကျင်သန့်ရှင်းရေးအတွက် လက်ကမ်းစာစောင်ပေးခြင်း၊ ကွင်းဆင်း၍ သင်တန်းများပို့ချသင့်ကြောင်း အကြံပြုအပ်ပါသည်။

**(ဆ)လူငယ်နှင့် ယဉ်ကျေးမှု**

**လေးတူးအနောက်**ကျေးရွာတွင်းရှိ လူငယ်များသည် သာရေး၊ နာရေးနှင့် ဘာသာရေးဆိုင်ရာကိစ္စရပ်များတွင် တက်တက်ကြွကြွဆောင်ရွက်ကြသည်။ ကျေးရွာတွင်းတွင် နေထိုင်သောသူများမှာ ဗုဒ္ဓဘာသာဝင်များဖြစ်သောကြောင့် ဘုရားပွဲတောများ ကျင်းပဆောင်ရွက်ကြကြောင်း လေ့လာတွေ့ရှိရပါသည်။ ကျေးရွာတွင်းရှိလူငယ်လူရွယ်များ စာပေဗဟုသုတများ စိတ်ဝင်စားလာစေရန်၊ ကျေးရွာသူကျေးရွာသားများစုပေါင်း၍ ကျေးရွာစာကြည့်တိုက်အကောင်အထည်ဖော်ဆောင်ရွက်ရန်ရည်ရွယ်ချက်ရှိကြောင်း၊ လူငယ်များအပန်းဖြေရန်နေရာမရှိ၍ ရွာပွဲတော်များတွင်သာ ဆင်နွဲကြကြောင်း လေ့လာတွေ့ရှိရပါသည်။

**(ဇ) အခြေခံ အဆောက်အဦး - လမ်းတံတား၊ လျှပ်စစ်စွမ်းအား၊ သတင်းနှင့် ဆက်သွယ်ရေး**

လေးတူးအနောက်ကျေးရွာ ကျေးရွာတွင်းလမ်းမှာ (၄၀၀၅)ပေရှည်ပြီး မြေသားလမ်းဖြစ်သောကြောင့် မိုးတွင်းအခါ ကျောင်းသားကျောင်းသူများ၊ သက်ကြီးရွယ်အိုများ၊ ရဟန်းရှင်လူများ သွားလာရေးအခက်အခဲရှိသည့်အတွက် ရာသီမရွေးဆက်သွယ်သွားလာနိုင်သော ချောင်းကျောက်လမ်း အဆင့်မြှင့်တင်ဆောင်ရွက်လိုပါသည်။

လေးတူးအနောက်ကျေးရွာသည်လက်ရှိတွင် ဆိုလာအသုံးပြုသူအိမ်ထောင်စု (၁၉)အိမ်၊ ဒီဇယ် အင်ဂျင်အသုံးပြုသူ အိမ်ထောင်စု(၇၄)အိမ်၊ ဖယောင်းတိုင် အသုံးပြုသူ အိမ်ထောင်စုမရှိပါကြောင်း၊ ကျေးရွာကုန်ထုတ်လုပ်မှုများ အဆင့်မြင့်မားလာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးအတွက် လျှပ်စစ်မီးလင်းရေးလုပ်ငန်းအားအကောင်အထည် ဖော်ဆောင်ရွက်လိုကြောင်း လေ့လာတွေ့ရှိရပါသည်။

လေးတူးအနောက်ကျေးရွာတွင် ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်များ ရရှိရေးအတွက် ဖုန်း(၉၅)လုံး၊ ရေဒီယို(၇၃)လုံး၊ တီဗွီ(၇၇)လုံး၊ ဂြိုလ်တုစလောင်း(၇၅)လုံးဖြင့် အသုံးပြုနိုင်မှုရှိကြောင်း၊ mpt၊ telenol၊ ooredoo၊ mytel ဆက်သွယ်ရေးလိုင်းအားလုံးဖြင့် ဆက်သွယ်အသုံးပြုနိုင်ကြောင်းလေ့လာတွေ့ရှိရပါသည်။

လေးတူးအနောက်ကျေးရွာသည် ကုန်စည်ကူးသန်းရောင်းဝယ်မှုတို့အတွက် (၄)မိုင်ကျော်ကွာဝေးသော အနီးဆုံးဈေး“ဇလွန်ဈေး”သို့သွားလာကြပြီး စားသောက်ကုန်(ကုန်စိမ်း၊ ကုန်ခြောက်)၊ မီးဖိုချောင်သုံးနှင့် အိမ်သုံးပစ္စည်း၊ အဝတ်အထည်၊ ဆောက်လုပ်ရေးပစ္စည်းများ၊ ပရိဘောဂ များအားဆိုင်ကယ်၊ ကား/ ထော်လာဂျီတို့ဖြင့် ဆက်သွယ်သွားလာကြကြောင်း ဝယ်ယူရရှိနိုင်ပါကြောင်း လေ့လာတွေ့ရှိရပါသည်။

လေးတူးအနောက်ကျေးရွာ၏ သယ်ယူပို့ဆောင်ရေးယာဉ်ပိုင်ဆိုင်မှုမှာ စက်ဘီး(၃၄)စီး၊ မော်တော်ဆိုင်ကယ်(၄၇)စီး၊ ထော်လာဂျီ(၁၂)စီး၊ နွားလှည်း(၁)စီးတို့ဖြစ်ပါသည်။

**(ဈ) တည်ငြိမ်အေးချမ်းမှုနှင့်ပြည်သူ့လုံခြုံရေး**

**လေးတူးအနောက်**ကျေးရွာတွင် လူကုန်ကူးမှု၊ အကြမ်းဖက်မှုများ လုံးဝမရှိပါ။ မူးယစ်ဆေးသုံးစွဲမှုနှင့်ပတ်သက်၍ အရက်သေစာသောက်စားခြင်း အနည်းငယ်မျှသာရှိပါသည်။ ခိုးဆိုးလုယက်မှုများ မရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

လေးတူးအနောက်ကျေးရွာသည် ဆက်သွယ်ရေးနှင့်ပတ်သက်၍ MPT, Telenor, Ooredoo ကဲ့သို့ သောဖုန်းလိုင်းများမိသောကြောင့် အလွယ်တကူဆက်သွယ်နိုင်ပြီး ကျေးရွာသူ/ ကျေးရွာသားများမှာဖုန်းဖြင့် Internet ပင် အသုံးပြုနေကြပါသည်။ လုံခြုံရေးဆိုင်ရာ ကိစ္စရပ်များအတွက်လည်း အလွယ်တကူအကြောင်းကြားကာ အကူအညီရယူနိုင်ကြောင်း လေ့လာတွေ့ရှိရပါသည်။ လူထုအခြေပြုသဘာဝဘေးအန္တရာယ်လျှော့ချရေးနှင့်ပတ်သက်သော နည်းပညာများ၊ လက်ကမ်းစာ စောင် များ၊ သင်တန်းများလာရောက်ပြုလုပ်တတ်ပါသည်။ ရွာတည်ငြိမ်အေးချမ်းရေးအတွက် ရဲဘက်ဆိုင်ရာများမှ မှုခင်းကာကွယ်တားဆီးလျှော့ချရေး ဝန်ဆောင်မှုများ ပေးလေ့ရှိပါသည်။

## ၅။ ဖွံ့ဖြိုးရေးအတွက်အထောက်ပံ့ဖြစ်စေမည့် အခြေနေကောင်းများ၊ အဟန့်အတားနှင့် စိန်ခေါ်မှုများ

### (က) ဖွံ့ဖြိုးရေး အတွက် အထောက်ပံ့ဖြစ်စေမည့် အခြေနေများ

လေးတူးအနောက်ကျေးရွာသည် ပျဉ်းမကုန်းလမ်းမကြီးဘေးတွင် မောင်းထောင်ကျေးရွာ၊ တယောတပုံကျေးရွာများနှင့် နီးစပ်ရာတွင် တည်ရှိပြီး ဇလွန်မြို့နှင့် လမ်းပန်းသွယ်ရေး မခက်ခဲသောကြောင့် ကျေးရွာ၏တည်နေရာအနေ အထားကောင်းမွန်ပါသည်။ ကျေးရွာတွင်စာသင်ကျောင်းရှိခြင်း၊ ဆေးပေးခန်းရှိခြင်း၊ ဘာသာရေး အဆောက်အဦရှိခြင်းတို့ကြောင့် ကျေးရွာသည်အခြေခံအဆောက်အဦများသင့်တင့်ပြည့်စုံပါသည်။

လေးတူးအနောက်ကျေးရွာတွင် ကျန်းမာရေးအထောက်အပံ့နှင့် ဝန်ဆောင်မှုများအနေဖြင့် ကျေးရွာတွင်ကျေးလက်ကျန်းမာရေးဌာနခွဲရှိခြင်း၊ (၁)မိုင်ခန့်ကွာဝေးတောပျဉ်းမကုန်းတွင်တိုက်နယ်ဆေးရုံရှိခြင်း၊ ဆေးရုံအတွင်းတွင် အခန်း၊ ကုတင် ပြည့်စုံလုံလောက်မှုရှိခြင်း၊ ကျေးရွာနှင့်(၄) မိုင်အကွာဇလွန်မြို့တွင် ဇလွန်ပြည်သူ့ဆေးရုံကြီးရှိပြီး လိုအပ်သောအခန်း၊ ကုတင်ပြည့်စုံလုံလောက်မှုရှိခြင်းတို့ကြောင့် ကျန်းမာရေးနှင့်ပတ်သက်၍ အခက်အခဲ တစ်စုံတစ်ရာမရှိကြောင်း အဆင်ပြေပါကြောင်းလေ့လာတွေ့ရှိရပါသည်။

လေးတူးအနောက်ကျေးရွာတွင် ဂေါပကအဖွဲ့၊ ပရဟိတအဖွဲ့၊ အုပ်ချုပ်ရေးအဖွဲ့တို့ရှိပြီး အမှန်တကယ် ကျေးရွာအတွင်း ထိထိရောက် ရောက်ပါဝင်လုပ်ဆောင်ကြပါသည်။

### (ခ) အဟန့်အတားနှင့် စိန်ခေါ်မှု

**လေးတူးအနောက်**ကျေးရွာ၌ ရွာတွင်းမြေသားလမ်းရှိရာ မြေသားလမ်းဖြစ်၍ ရာသီမရွေးဆက်သွယ်သွားလာမှုမပြုနိုင်ခြင်း၊ လျှပ်စစ်မီးအသုံးမပြုနိုင်ခြင်း၊ ကျေးရွာစာသင်ကျောင်းတွင်လက်ရှိစာသင်ဆောင်နှင့် ကျောင်းသားဦးရေမှာ ပြည့်စုံလုံလောက်မှုရှိသော်လည်း မိုးတွင်းအခါတွင် လမ်းပန်းဆက်သွယ်ရေး အခက်အခဲများရှိပါသည်။

## ၆။ ပန်းတိုင်နှင့် မဟာဗျူဟာ

### (က) ဖွံ့ဖြိုးရေးပန်းတိုင်

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အဖွဲ့နှင့်တိုင်ပင်ညှိနှိုင်းပြီးလာမည့် ငါးနှစ်တာကာလအတွက် ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်များကို အောက်ပါအတိုင်း ချမှတ်ထားပါသည်-

(က.၁) ကျွန်ုပ်တို့ကျေးရွာလူထုသည် လျှပ်စစ်မီးလင်းရေး အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရမည်။

(က.၂) ကျွန်ုပ်တို့ကျေးရွာလူထုသည် ကျေးလက်ကုန်ထုတ်လမ်းလုပ်ငန်း အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရမည်။

(က.၃) ကျွန်ုပ်တို့ကျေးရွာလူထုသည် ကွန်ကရစ်တံတား အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရမည်။

(က.၄) ကျွန်ုပ်တို့ကျေးရွာလူထုသည် သောက်သုံးရေရရှိရေး အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရမည်။

(က.၅) ကျွန်ုပ်တို့ကျေးရွာလူထုသည် KG ကျောင်းဆောင် ရရှိရေး အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရမည်။

(က.၆) ကျွန်ုပ်တို့ကျေးရွာလူထုသည် စိုက်ပျိုးရေးရေတွင်း အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရမည်။

(က.၇) ကျွန်ုပ်တို့ကျေးရွာလူထုသည် ကျေးလက်ဆေးပေးခန်း ရရှိရေး အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရမည်။

(က.၈) ကျွန်ုပ်တို့ကျေးရွာလူထုသည် ကျေးရွာစာကြည့်တိုက်ရရှိရေး အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရမည်။

(က.၉) ကျွန်ုပ်တို့ကျေးရွာလူထုသည် စပါးလှမ်းကွင်းရရှိရေး အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရမည်။

(က.၁၀)ကျွန်ုပ်တို့ကျေးရွာလူထုသည် လက်နှိပ်ရေတုံကင်တွင်းရရှိရေး အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရမည်။

**(ခ) အကောင်အထည်ဖော်နည်းဗျူဟာ**

ကျွန်ုပ်တို့သည် အထက်တွင်ဖော်ပြထားသော ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်များကို ရောက်ရှိရန် အောက်ပါအကောင်အထည်ဖော်မှုများကို ဆောင်ရွက်သွားကြမည်။ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှအဖွဲ့နှင့် တိုင်ပင်ညှိနှိုင်းပြီးလာမည့် ငါးနှစ်တာကာလအတွက် ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်များကိုအောက်ပါအတိုင်း ချမှတ်ထားပါသည်-

(ခ.၁) ကျွန်ုပ်တို့ကျေးရွာလူထုသည် လျှပ်စစ်မီးလင်းရေးဆောင်ရွက်နိုင်ရန် သက်ဆိုက်ရာဦးစီးဌာနများအားတင်ပြ၍ ကျေးရွာမှလည်း ထည့်ဝင်ငွေများကောက်ခံ၍ အကောင်အထည်ဖော် ဆောင်ရွက်သွားမည်။

(ခ.၂) ကျွန်ုပ်တို့ကျေးရွာလူထုသည် ကုန်ထုတ်လမ်းဆောင်ရွက်နိုင်ရန် သက်ဆိုင်ရာဦးစီးဌာနများအားတင်ပြ၍ ကျေးရွာမှလည်း ထည့်ဝင်ငွေများကောက်ခံ၍ အကောင်အထည်ဖော်ဆောင်ရွက်သွားမည်။

(ခ.၃) ကျွန်ုပ်တို့ကျေးရွာလူထုသည် ကွန်ကရစ်တံတားဆောင်ရွက်နိုင်ရန် သက်ဆိုင်ရာဦးစီးဌာနများအားတင်ပြ၍ ကျေးရွာမှလည်း ထည့်ဝင်ငွေများကောက်ခံ၍ အကောင်အထည်ဖော်ဆောင်ရွက်သွားမည်။

(ခ.၄) ကျွန်ုပ်တို့ကျေးရွာလူထုသည် သောက်သုံးရေရရှိရေး ဆောင်ရွက်နိုင်ရန် သက်ဆိုင်ရာဦးစီးဌာနများအားတင်ပြ၍ ကျေးရွာမှလည်း ထည့်ဝင်ငွေများကောက်ခံ၍ အကောင်အထည်ဖော်ဆောင်ရွက်သွားမည်။

(ခ.၅) ကျွန်ုပ်တို့ကျေးရွာလူထုသည် KG စာသင်ကျောင်းဆောင် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် ပညာရေးဦးစီးဌာနအား တင်ပြ၍ ကျေးရွာမှလည်း ထည့်ဝင်ငွေများကောက်ခံ၍ အကောင်အထည်ဖော် ဆောင်ရွက်သွားမည်။

(ခ.၆) ကျွန်ုပ်တို့ကျေးရွာလူထုသည် စိုက်ပျိုးရေးရေတွင်းဆောင်ရွက်နိုင်ရန် သက်ဆိုက်ရာဦးစီးဌာနသို့တင်ပြ၍ ကျေးရွာမှလည်း ထည့်ဝင်ငွေများကောက်ခံ၍ အကောင်အထည်ဖော်ဆောင်ရွက်သွားမည်။

(ခ.၇) ကျွန်ုပ်တို့ကျေးရွာလူထုသည် ကျေးလက်ဆေးပေးခန်းဆောင်ရွက်နိုင်ရန် မြို့နယ်ကျန်းမာရေးဦးစီးဌာနအား တင်ပြ၍ကျေးရွာမှလည်း ထည့်ဝင်ငွေများကောက်ခံ၍ အကောင်အထည်ဖော်ဆောင်ရွက်သွားမည်။

(ခ.၈) ကျွန်ုပ်တို့ကျေးရွာလူထုသည် ကျေးရွာစာကြည့်တိုက်ဆောင်ရွက်နိုက်ရန် မြို့နယ်ပြန်ကြားရေးနှင့် ဆက်သွယ်ရေးဦးစီးဌာနအား တင်ပြ၍ ကျေးရွာမှလည်း ထည့်ဝင်ငွေများကောက်ခံ၍ အကောင်အထည်ဖော်ဆောင်ရွက်သွားမည်။

(ခ.၉) ကျွန်ုပ်တို့ကျေးရွာလူထုသည် စပါးလှန်းကွင်းဆောင်ရွက်နိုင်ရန် စိုက်ပျိုးရေးဦးစီးဌာနအား တင်ပြ၍ ကျေးရွာမှလည်း ထည့်ဝင်ငွေများကောက်ခံ၍ အကောင်အထည်ဖော်ဆောင်ရွက် သွားမည်။

(ခ.၁၀) ကျွန်ုပ်တို့ကျေးရွာလူထုသည် လက်နှိပ်ရေတုံကင်ဆောင်ရွက်နိုက်ရန်အတွက် ကျေးလက်ဦးစီးဌာနအား တင်ပြ၍ ကျေးရွာမှလည်း ထည့်ဝင်ငွေများကောက်ခံ၍ အကောင်အထည်ဖော်ဆောင်ရွက်သွားမည်။

**၇။ ကျေးရွာဖွံ့ဖြိုးတိုးတက်မှု ကိစ္စရပ်များများနှင့် ဗဟိုအဆင့်မူဝါဒများ အကြား အစီအစဉ်ကျသော ချိတ်ဆက်မှုများ**

အစိုးရ၏မူဝါဒနှင့်လုပ်ငန်းအစီအစဉ်တို့ကို ရင်းနှီးကျွမ်းဝင်ပြီးသော အစိုးရဌာနဆိုင်ရာများနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ နည်းပညာအကြံပေးအဖွဲ့တို့၏ အကြံပြုချက်အရပြုစုဖော်ပြထားပါသည်။ ဤအဖွဲ့အစည်းများအနေဖြင့် နိုင်ငံတော်အဆင့်မှသည် ဒေသဆိုင်ရာအဆင့်၊ ထိုမှတစ်ဆင့် ကျွန်ုပ်တို့ကျေးရွာအဆင့်ထိ ပံ့ပိုးမှုပေးနိုင်မည့် အစိုးရဌာနများနှင့် အဖွဲ့အစည်းများကို ရှာဖွေဖော် ထုတ်ပေးနိုင်ကြပါသည်။

**(က)ကျေးရွာဖွံ့ဖြိုးရေးရည်မှန်းချက်ရေးဆွဲခြင်းနှင့်ပုံမှန်စိစစ်ခြင်း**

ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်လုပ်ငန်းအား နည်းပညာအထောက်အပံ့များ ပံ့ပိုးပေးမှုသည် အလွန်အရေးပါသည်။ အနာဂါတ်တွင်လည်း ရေရှည်တည်တံ့မည့် အထောက်အပံ့များကို နိုင်ငံတော်အစိုးရထံမှရရှိမည်ဟု မျှော်လင့်ပါသည်။ ကျွန်တော်တို့ ကျေးရွာသားများကိုယ်တိုင်အား ထုတ်လုပ်ကိုင်ရရှိခဲ့မှုများကို ပြန်လည်စိစစ်ခြင်း၊ နောက်ဆုံးအတည်ပြုထားသည့် ဖွံ့ဖြိုးရေးအစီအစဉ်များကိုလည်း သတ်မှတ်ကာလအတိုင်း ပုံမှန်စိစစ်သွားနိုင်ပါမည်။ အရေးကြီးသည့်အချက်မှာ ဦးစားပေးစီမံချက်များနှင့် ဘတ်ဂျတ်ပမာဏ ပါဝင်သည့် နှစ်ပါတ်လည်ဖွံ့ဖြိုးရေးစီမံချက်ပြင်ဆင်ရန်ဖြစ်သည်။

**(ခ)** လျှပ်စစ်မီးလင်းရေးဆောင်ရွက်ခြင်း

လေးတူးအနောက် ကျေးရွာသည် ကျေးရွာတစ်ရွာလုံး လျှပ်စစ်မီး အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် လျှပ်စစ်ဦးစီးဌာန၊ အလှူရှင်တို့နှင့် ချိတ်ဆက်၍ ကျေးရွာမှလည်းထည့်ဝင်ငွေများကောက်ခံ၍ အကောင်အထည်ဖော်ဆောင်ရွက်သွားမည်။

**(ဂ)** ကျေးလက်ကုန်ထုတ်လမ်းဆောင်ရွက်ခြင်း

လေးတူးအနောက်ကျေးရွာသည် ကျေးရွာရှိ ထုတ်ကုန်များအား မြို့သို့အချိန်မီ တင်ပို့ရောင်းချနိုင်ရန်အတွက် သက်ဆိုင်ရာဦးစီးဌာနများနှင့်ချိတ်ဆက်၍ ကျေးရွာမှလည်းထည့်ဝင်ငွေများကောက်ခံ၍ အကောင်အထည်ဖော်ဆောင်ရွက်သွားမည်။

**(ဃ)** ကွန်ကရစ်တံတားဆောင်ရွက်ခြင်း

လေးတူးအနောက်ကျေးရွာသည် ကျေးရွာတွင်း ကျေးရွာသူ/သားများ ၊ ကျောင်းသား/ သူများ သွားလာရလွယ်ကူစေရန်အတွက် သက်ဆိုင်ရာဦးစီးဌာနများနှင့်ချိတ်ဆက်၍ ကျေးရွာမှလည်းထည့်ဝင်ငွေများကောက်ခံ၍ အကောင်အထည်ဖော်ဆောင်ရွက်သွားမည်။

**(င)** သောက်သုံးရေရရှိရေးဆောင်ရွက်ခြင်း

လေးတူးအနောက်ရွာတွင်းရှိ ကျောင်းသားကျောင်းသူများနှင့်ရွာသူရွာသားများ သောက်သုံးရေသန့်ရရှိစေရေးအတွက် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ အလှူရှင်တို့နှင့် ချိတ်ဆက်၍ ကျေးရွာမှလည်းထည့်ဝင်ငွေများ ကောက်ခံ၍ အကောင်အထည်ဖော်ဆောင်ရွက်သွားမည်။

**(စ) KG ကျောင်းဆောင်ဆောက်လုပ်ခြင်း**

လေးတူးအနောက်ကျေးရွာတွင်းရှိ ကလေးသူငယ်များ ပညာသင်ကြားရာတွင် အခက်အခဲမရှိစေရေး ပညာရေးဦးစီးဌာန၊ အလှူရှင်တို့နှင့်ချိတ်ဆက်၍ ကျေးရွာမှလည်းထည့်ဝင်ငွေများ ကောက်ခံ၍ အကောင်အထည်ဖော်ဆောင်ရွက်သွားမည်။

**(ဆ)စိုက်ပျိုးရေးရေတွင်းဆောင်ရွက်ခြင်း**

လေးတူးအနောက်ကျေးရွာတွင်းရှိ စိုက်ပျိုးရေးလုပ်ငန်းအဓိကလုပ်ကိုင်သဖြင့် စိုက်ပျိုးမြေများ ဖြစ်ထွန်းရန်အတွက် စိုက်ပျိုးရေရေတွင်းဆောင်ရွက်နိုင်ရန် သက်ဆိုက်ရာဦးစီးဌာနများနှင့် ချိတ်ဆက်၍ ကျေးရွာမှလည်း ထည့်ဝင်ငွေများ ကောက်ခံ၍ အကောင်အထည်ဖော်ဆောင်ရွက်သွားမည်။

**(ဇ)ကျေးလက်ဆေးပေးခန်းဆောင်ရွက်ခြင်း**

လေးတူးအနောက်ကျေးရွာတွင်းရှိ ကျေးရွာသူ/ သားများ သက်ကြီးရွယ်အိုများ ကျန်းမာရေးစောင့်ရှောက်မှု ကောင်းမွန်စေရေးကျေးလက်ဆေးပေးခန်းဆောက်လုပ်ရန် ကျန်းမာရေးဦးစီးဌာနတို့နှင့်ချိတ်ဆက်၍ ကျေးရွာမှလည်းထည့်ဝင်ငွေများ ကောက်ခံ၍ အကောင်အထည်ဖော်ဆောင်ရွက်သွားမည်။

**(ဈ)ကျေးရွာစာကြည့်တိုက်ဆောင်ရွက်ခြင်း**

လေးတူးအနောက်ကျေးရွာတွင်းရှိ ကျေးရွာသူ/ သားများ အသိပညာဖွံ့ဖြိုးတိုးတက်စေရေး ကျေးရွာစာကြည့်တိုက်ဆောက်လုပ်နိုင်ရန် မြို့နယ်ပြန်ကြားရေးနှင့် ဆက်သွယ်ရေးဦးစီးဌာနနှင့် ချိတ်ဆက်၍ ကျေးရွာမှလည်းထည့်ဝင်ငွေများ ကောက်ခံ၍ အကောင်အထည်ဖော်ဆောင်ရွက်သွားမည်။

**(ည)စပါးလှမ်းကွင်းဆောင်ရွက်ခြင်း**

လေးတူးအနောက်ကျေးရွာတွင်းရှိ စိုက်ပျိုးသီးနှံများ အချိန်မီတင်ပို့ရောင်းချနိုင်စေရေး သက်ဆိုင်ရာဦးစီးဌာနတို့နှင့်ချိတ်ဆက်၍ ကျေးရွာမှလည်းထည့်ဝင်ငွေများ ကောက်ခံ၍ အကောင်အထည်ဖော်ဆောင်ရွက်သွားမည်။

**(ဋ)လက်နှိပ်ရေတွင်းကင်ဆောင်ရွက်ခြင်း**

လေးတူးအနောက်ကျေးရွာတွင်းရှိ အိမ်တိုင်းတွင် နေ့စဉ်အလွယ်တကူသုံးစွဲနိုင်စေရန်နှင့် ကျေးရွာရှိတိရိစ္ဆာန်များအတွက် လုံလောက်သောက်သုံးရေရှိစေရေး လက်နှိပ်တုံကင်ဆောင်ရွက်နိုင်ရန်သက်ဆိုက်ရာ ဦးစီးဌာနတို့နှင့်ချိတ်ဆက်၍ ကျေးရွာမှလည်း ထည့်ဝင်ငွေများကောက်ခံ၍ အကောင်အထည်ဖော်ဆောင်ရွက်သွားမည်။

**၈။ စီမံကိန်း၊ စီမံချက်များနှင့် အကောင်အထည်ဖော်ဆောင်ရွက်မှုအချိန်ကာလ**

စီမံချက်များသည် အကောင်အထည်ဖော်မည့်ဗျူဟာများကို လုပ်ငန်းဆောင်ရွက်မှုများအဖြစ် သဘောထားနားလည်နိုင်စေမည့် ဖော်ထုတ်ထားချက်များဖြစ်သည်။ ထို့ကြောင့်စီမံချက်များသည် ငါးနှစ်တာစီမံချက်ကာလအတွင်း ချမှတ်ထားသော ပန်းတိုင်များကိုရောက်ရှိရန် ပါဝင်ပေးမည့်ဖွံ့ဖြိုးရေးလုပ်ငန်း အကောင်အထည်ဖော်မှုဆိုင်ရာ အဓိကသော့ချက်များဖြစ်သည်။

**(က) နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်**

ကျေးရွာလူထုက ငါးနှစ်တာစီမခံချက်ကာလအတွက် ပြင်ဆင်ပြုစုကြသည့် ကာလကဖော်ထုတ်၊ ဦးစားပေးတန်းစီခဲ့ကြသည့် စီမံချက်များသည် မည်သို့မျှပြည့်စုံမှုမရှိနိုင်ပါ။ ဤသည်မှာ ကျေးရွာလူထုသည်နှစ်နှစ်၊ သုံးနှစ်တာကာလစီမံချက်များအတွက် မျှော်မှန်းရေးဆွဲထား နိုင်ကြသော်လည်း ငါးနှစ်တာကာလတစ်လျှောက်လုံးတွင် နောက်ထပ်ဆောင်ရွက်မည့် ဦးစားပေးလုပ်ငန်းများကိုလည်း ဖော်ထုတ်သွားကြပါမည်။ သို့ပါသောကြောင့် ရေးဆွဲထားသည့်ငါးနှစ်တာစီမံချက်သည်ပြင်းထန်သော သဘာဝဘေးအန္တရာယ်ကဲ့သို့ ထိခိုက်စရာများမပေါ်ပေါက်ပါက အနည်းနှင့်ပြောင်းလဲမှုမရှိနိုင်ပဲ နောက်ထပ်တိုးလာမည့် လုပ်ငန်းစီမံချက်များသာ ပါဝင်လာနိုင်ပါမည်။ ထို့ကြောင့်ငါးနှစ်တာကာလ ကျေးရွာဖွံ့ဖြိုးရေးစီမံချက်၏ ဗျူဟာမြောက်မူဘောင်အတွင်း နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို ဆောင်ရွက်သွားကြပါမည်။

**(ခ) ကဏ္ဍနှင့် ရင်းနှီးမြှပ်နှံမှုအမျိုးအစားကို အခြေခံ၍ စီမံချက်ကို အုပ်စုခွဲခြားခြင်း**

စီမံကိန်း၊ စီမံချက်များကို စီမံချက်ဆိုင်ရာအချက်အလက်များကို စိစစ်စိတ်ဖြာနိုင်ရန် လုပ်ငန်းရပ်ဆိုင်ရာနှင့်ရင်းနှီးမြှပ်နှံမှုကို အခြေခံပြီးအုပ်စုခွဲသည်။ လုပ်ငန်းကဏ္ဍကိုအခြေခံ၍ စီမံကိန်းအုပ်စုသတ်မှတ်ခြင်း (Functional classification)ဖြင့် ဝန်ကြီးဌာနများ၊ ဦးစီးဌာနများအတွက်သက်ဆိုင်ရာလုပ်ငန်းများအလိုက် ဆောင်ရွက်ဖွယ်ရာများကို သိရှိနားလည်စေနိုင်သည်။ ရင်းနှီးမြှပ်နှံမှုအမျိုးအစားကိုအခြေခံ၍ အုပ်စုသတ်မှတ်ခြင်း (Economic classification)သည် စီမံချက်ကို အကဲဖြတ်ရာတွင် စီးပွါးရေးအကျိုးဖြစ်ထွန်းမှုနှင့် အကျိုးသက်ရောက်မှုဆိုင်ရာ ငွေလုံးငွေရင်းအသုံးစရိတ်၊

စွမ်းဆောင်ရည်မြှင့်တင်ရေး၊ လူသားချင်းဆိုင်ရာထောက်ပံ့မှုတို့ကို ခွဲခြားသိရှိစေရန် အထောက်အကူပြုသည်။ လုပ်ငန်းကဏ္ဍကို အခြေခံ၍ စီမံကိန်းအုပ်စုသတ်မှတ်ခြင်း (Functional classification)– ဝန်ကြီးဌာနများ၊ ဦးစီးဌာနများက ယင်းတို့၏လုပ်ငန်းတာဝန်များအလိုက် ဖော်ထုတ်ထားသော လုပ်ငန်းကဏ္ဍအပိုင်း အခြားများကို သိရှိစေနိုင်သည်။

ရင်းနှီးမြှုပ်နှံမှု အမျိုးအစားကိုအခြေခံ၍ စီမံကိန်းအုပ်စုသတ်မှတ်ခြင်း (Economic classification) တွင်

- သာမန်အသုံးစရိတ်
- ငွေလုံးငွေရင်းအသုံးစရိတ်၊
- စွမ်းဆောင်ရည်မြှင့်တင်ရေးအသုံးစရိတ်

လူသားချင်းစာနာမှုဆိုင်ရာ အထောက်အပံ့ တို့ပါဝင်သည်။

**(ဂ) ဦးစားပေးစီမံချက်များ**

စီမံချက်များအလိုက်ဦးစားပေးအစီအစဉ်များကို ဇယားဖြင့်ဖော်ပြထားပါသည်။ ကျေးရွာလူထုသည်နှစ်သက်ရာ အမှတ်ပေးအဆင့်ခွဲခြင်းစနစ်ဖြင့် ရွာလုံးကျွတ်အစည်းအဝေးတွင် စီမံချက်များ ဦးစားပေးအစီအစဉ်ကိုဖော်ထုတ်ထားပါသည်။ တချို့စီမံချက်များကို ရေးဆွဲရာတွင် မြို့နယ်အဆင့်ဌာနဆိုင်ရာ အဖွဲ့များအစည်းများနှင့် အခြားအေဂျင်စီများထံမှ နည်းပညာအကူအညီများ ရရှိရန် လည်းလိုအပ်ပါသည်။ကျေးရွာဖွံ့ဖြိုးရေးအစည်းအဝေးတွင် သဘောတူသတ်မှတ်ထားသော ဦးစားပေး စီမံချက်လုပ်ငန်းများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်–

(၁) လျှပ်စစ်မီးရေးလုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်ခြင်း

(၂) ကျေးလက်ကုန်ထုတ်လမ်းလုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်ခြင်း

(၃) ကွန်ကရစ်တံတားလုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်ခြင်း

(၄) သောက်သုံးရေရရှိရေးလုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်ခြင်း

(၅) KG ကျောင်းဆောင်အကောင်အထည်ဖော်ဆောင်ရွက်ခြင်း

(၆) စိုက်ပျိုးရေးရေတွင်းအကောင်အထည်ဖော်ဆောင်ရွက်ခြင်း

(၇) ကျေးလက်ဆေးပေးခန်းအကောင်အထည်ဖော်ဆောင်ရွက်ခြင်း

(၈) ကျေးရွာစာကြည့်တိုက်အကောင်အထည်ဖော်ဆောင်ရွက်ခြင်း

(၉) စပါးလှမ်းကွင်းအကောင်အထည်ဖော်ဆောင်ရွက်ခြင်း

(၁၀) လက်နှိပ်ရေတုံကင်အကောင်အထည်ဖော်ဆောင်ရွက်ခြင်း

**(ဃ) အကောင်အထည်ဖော်မည့် အချိန်ကာလ**

အောက်ပါဇယားတွင် လုပ်ငန်းစတင်ရန်၊ ပြီးဆုံးရန်ခန့်မှန်းဖော်ပြထားသည့် ဦးစားပေး စီမံချက်များ၏ အချိန်ဇယားကို ဖော်ပြထားပါသည်။ ဤအစီအစဉ်ကို နှစ်အလိုက်လိုအပ်သလိုဖြည့်စွက်ပြင်ဆင်ပြီးနှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ရေးဆွဲရာတွင်လည်းထည့်သွင်းပေးမည်။

| စဉ် | စီမံချက် | အဆင့် | ၂၀၂၁ | ၂၀၂၂ | ၂၀၂၃ | ၂၀၂၄ | ၂၀၂၅ |
|---|---|---|---|---|---|---|---|
| ၁။ | လျှပ်စစ်မီးလင်းရေးလုပ်ငန်းဆောင်ရွက်ခြင်း | ၁ | ✔ | | | | |
| ၂။ | ကျေးလက်ကုန်ထုတ်လမ်းဆောင်ရွက်ခြင်း | ၂ | | ✔ | ✔ | ✔ | ✔ |
| ၃။ | ကွန်ကရစ်တံတားဆောင်ရွက်ခြင်း | ၃ | | | ✔ | ✔ | ✔ |
| ၄။ | သောက်သုံးရေးရရှိရေးဆောင်ရွက်ခြင်း | ၄ | | | | ✔ | ✔ |
| ၅။ | KG ကျောင်းဆောင်ဆောက်လုပ်ခြင် | ၅ | | | | ✔ | ✔ |
| ၆။ | စိုက်ပျိုးရေးရေတွင်းဆောင်ရွက်ခြင်း | ၆ | | | | ✔ | ✔ |
| ၇။ | ကျေးလက်ဆေးပေးခန်းဆောက်လုပ်ခြင်း | ၇ | | | | ✔ | ✔ |
| ၈။ | ကျေးရွာစာကြည့်တိုက်ဆောက်လုပ်ခြင်း | ၈ | | | | ✔ | ✔ |
| ၉။ | စပါးလှမ်းကွင်းဆောင်ရွက်ခြင်း | ၉ | | | | ✔ | ✔ |
| ၁၀။ | လက်နှိပ်ရေတုံကင်ဆောင်ရွက်ခြင်း | ၁၀ | | | | ✔ | ✔ |

## ၉။ ဘတ်ဂျတ်နှင့်ငွေကြေးဆိုင်ရာအစီအစဉ်

အောက်ပါဇယားတွင် ဖော်ပြထားသောစီမံချက်အလိုက် ဘတ်ဂျက်ပမာဏများသည် ရည်ညွှန်း နမူနာ(indicative)အဖြစ်ကိုးကားရန်ပမာဏသာဖြစ်ပါသည်။ အမှန်တကယ်လိုအပ်သော ဘတ်ဂျက် ပမာဏတွက်ချက်နိုင်ရန် အသေးစိတ်ဆက်လက်၍ ဆောင်ရွက်ရမည်ဖြစ်ပါသည်။ ကျေးရွာဖွံ့ဖြိုးရေး ကော်မီတီသည် တချို့စီမံချက်များကို ရေးဆွဲရာတွင် မြို့နယ်အဆင့်ဌာနဆိုင် ရာအဖွဲ့များအစည်း များနှင့် ဝန်ဆောင်မှုပေးသည့်လုပ်ငန်းများထံမှ ဘတ်ဂျတ်အပါအဝင်စီမံချက် ပြုစုရေးဆွဲရေးအကူ အညီများရရှိရန်လည်း လိုအပ်ပါသည်။ ဖော်ပြထားသောရည်ညွှန်း ဘတ်ဂျက်ပမာဏတွင် ကျေးရွာ လူထု၏ငွေသားမဟုတ်သော ထည့်ဝင်မှုများကို ထည့်သွင်းဖော်ပြထားခြင်းမရှိပါ။ (ငွေသားမဟုတ် သောထည့်ဝင်မှု၊ ဥပမာ လုပ်အား၊ သဲ၊ ကျောက်၊ ပစ္စည်းကိရိယာ၊ အချိန်စသည်)

**စီမံချက်ဘတ်ဂျတ်**

| စဉ် | စီမံချက် | ရန်ပုံငွေ (သိန်း) | ရင်းနှီးမြှပ်နှံမှုအရအုပ်စုသတ်မှတ်ခြင်း (ကျပ်) | | | |
|---|---|---|---|---|---|---|
| | | | သာမန်အသုံးစရိတ် | ငွေလုံးငွေရင်းအသုံးစရိတ် | | လူသားချင်းစာနာမှုဆိုင်ရာထောက်ပံ့မှု |
| | | | | ငွေလုံးငွေရင်းသုံးစရိတ် | စွမ်းဆောင်ရည်မြှင့်တင်ရေး | |
| ၁။ | လျှပ်စစ်မီးလင်းရေးလုပ်ငန်းဆောင်ရွက်ခြင်း | | | ✔ | | |
| ၂။ | ကျေးလက်ကုန်ထုတ်လမ်းဆောင်ရွက်ခြင်း | | | ✔ | | |
| ၃။ | ကွန်ကရစ်တံတားဆောင်ရွက်ခြင်း | | | ✔ | | |
| ၄။ | သောက်သုံးရေးရရှိရေးဆောင်ရွက်ခြင်း | | | ✔ | | |
| ၅။ | KG ကျောင်းဆောင် ဆောင်ရွက်ခြင်း | | | ✔ | | |
| ၆။ | စိုက်ပျိုးရေးရေတွင်းဆောင်ရွက်ခြင်း | | | ✔ | | |
| ၇။ | ကျေးလက်ဆေးပေးခန်းဆောင်ရွက်ခြင်း | | | | | |

| စဉ် | စီမံချက် | ရန်ပုံငွေ (သိန်း) | ရင်းနှီးမြှုပ်နှံမှုအရအုပ်စုသတ်မှတ်ခြင်း (ကျပ်) | | | |
|---|---|---|---|---|---|---|
| | | | သာမန်အသုံးစရိတ် | ငွေလုံးငွေရင်းအသုံးစရိတ် | | လူသားချင်းစာနာမှုဆိုင်ရာထောက်ပံ့မှု |
| | | | | ငွေလုံးငွေရင်းသုံးစရိတ် | စွမ်းဆောင်ရည်မြှင့်တင်ရေး | |
| ၈။ | ကျေးရွာစာကြည့်တိုက်ဆောင်ရွက်ခြင်း | | | ✔ | | |
| ၉။ | စပါးလှမ်းကွင်းဆောင်ရွက်ခြင်း | | | ✔ | | |
| ၁၀။ | လက်နှိပ်ရေတုံကင်ဆောင်ရွက်ခြင်း | | | ✔ | | |

## ၁၀။ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများအကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ

ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို ကျေးရွာလူထုကဦးဆောင်အကောင်ထည်ဖော်မည်ဖြစ်သဖြင့် လုပ်ငန်း အောင်မြင်ရေးနှင့် ရည်မှန်းချက်များသို့ ရောက်ရှိရေးမှာကျေးရွာတွင်တာဝန်ရှိပါသည်။

### (၁၀-၁) ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ အခန်းကဏ္ဍ

ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်တွင်ပါဝင်သော စီမံကိန်းလုပ်ငန်းများကို အထိရောက်ဆုံး အကောင်အထည်ဖော်ရန်တာဝန်မှာ ကျွန်ုပ်တို့ကျေးရွာလူထု၏ တာဝန်ဖြစ်ပါသည်။ ကျွန်ုပ်တို့ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် ပေါင်းစပ်ညှိနှိုင်းရေးနှင့် စီမံခန့်ခွဲရေးတာဝန်ကိုအဓိကယူပါမည်။ အဖွဲ့အစည်းအသီးသီး၊ ကော်မတီအသီးသီးအား တာဝန်များခွဲဝေအပ်နှင်း၍ သက်ဆိုင်ရာစီမံကိန်းများဆောင်ရွက်နိုင်ရန် ဦးဆောင်ပါမည်။ ဥပမာ- မိဘဆရာအသင်းသည် ကျေးရွာမူလတန်းကျောင်း၏ ပညာရေးအရည်အသွေးကောင်းမွန်တိုးတက်ရန် တာဝန်ယူဆောင်ရွက်စေ၍လယ်သမားအဖွဲ့က ကျေးရွာလယ်ယာကုန်ထုတ်လမ်းအဆင့် မြှင့်ခြင်းလုပ်ငန်းကို တာဝန်ယူဆောင်ရွက်စေခြင်းဖြစ်ပါသည်။

**(၁၀-၂) ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်း**

ကျွန်ုပ်တို့ ကျေးရွာကော်မတီအဖွဲ့များက ဖွံ့ဖြိုးရေးစီမံကိန်းများ အကောင်အထည်ဖော်ရာတွင်ဦးဆောင်စီမံခန့်ခွဲမှု တာဝန်ယူဆောင်ရွက်သော်လည်း အခြားသော ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့များကိုလည်း ရှာဖွေဆက်သွယ်ပူးပေါင်းရန်လိုပါမည်။ ကျွန်ုပ်တို့ကိုယ်တိုင်မတတ်နိုင်သော အကူအညီများရယူဆောင်ရွက်ရန်ဖြစ်ပါသည်။ ဥပမာ- မိဘဆရာအသင်းသည် မူလတန်းပညာရေး သင်ကြားမှုအရည်အသွေးတိုးတက်ရေး ဆောင်ရွက်ရန်မြို့နယ် ပညာရေးဌာနနှင့်ချိတ်ဆက်ညှိနှိုင်း ဆောင်ရွက်ရပါမည်။ လယ်သမားအဖွဲ့အစည်းကလည်း လယ်ယာကုန်ထုတ်လုပ်ငန်းအထောက် အကူပြုလမ်းအဆင့်မြှင့်တင်ရန် မြို့နယ်ဆောက်လုပ်ရေးဌာနနှင့် ဆက်သွယ်၍ အင်ဂျင်နီယာဒီဇိုင်းပုံစံနှင့်တွက်ချက်မှုဆိုင်ရာ အကူအညီများ ရယူရပါမည်။

**(၁၀-၃) ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ**

စီမံကိန်းလုပ်ငန်းများ၏ အသေးစိပ်လုပ်ငန်းအမျိုးအစားဖော်ပြချက်တွင် တင်ဒါခေါ်ယူဆောင်ရွက်ရမည့်ကိစ္စများကိုလည်း တွေ့ရပါမည်။ ဤလုပ်ငန်းအမျိုးအစားများအတွက် အောက်ပါအဖွဲ့အစည်း/ ပုဂ္ဂိုလ်များ၏ ပါဝင်မှုမှာ အမှန်ပင်လိုအပ်ပါမည်။

- ဆောက်လုပ်ရေး၊ ကြီးကြပ်ရေးစသည့် လုပ်ငန်းများအတွက် ကန်ထရိုက်များ
- စိုက်ပျိုးရေး၊မွေးမြူရေးစသည့် သင်တန်းများအတွက် နည်းပညာဆိုင်ရာနှင့် စီမံခန့်ခွဲမှုဆိုင်ရာဝန်ဆောင်မှုပေးသည့်အဖွဲ့များ(နိုင်ငံတကာဖွံ့ဖြိုးမှုအဖွဲ့အစည်းများ၊ ဒေသဖွံ့ဖြိုးရေးအဖွဲ့အစည်း များ၊ ပုဂ္ဂလိကအဖွဲ့အစည်းများ၊ လူထုအဖွဲ့အစည်းများ)

ကန်ထရိုက်နှင့်ဝန် ဆောင်မှုပေးသည့် အဖွဲ့အစည်းများက စီမံကိန်းလုပ်ငန်းတွင် ဖော်ပြထားသော သတ်သတ်မှတ်မှတ်ကိစ္စများကိုသာ ကြီးကြပ်မှုပေးမည်ဖြစ်ပြီး လုပ်ငန်းတစ်ခုလုံး လွှမ်းခြုံကြီးကြပ်ရန်တာဝန်မှာ ကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေးကော်မတီက တာဝန်ပေးထားသောအဖွဲ့၏ တာဝန်သာဖြစ်ပါသည်။ အချို့ကိစ္စများတွင် ကြီးကြပ်ရေးတာဝန်မှာ မြို့နယ်သက်ဆိုင်ရာဦးစီးဌာနက တာဝန်ယူပါမည်။ ဤကိစ္စမျိုးတွင် ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် တာဝန်ပေးထားသောကော်မတီကို ဦးဆောင်၍ မြို့နယ်ဌာနဆိုင်ရာအဖွဲ့အစည်းများနှင့် နီးနီးကပ်ကပ် ပူးပေါင်းဆောင်ရွက်ပါမည်။

**(၁၀.၄) ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများလည်ပတ်ရန်နှင့် ပြုပြင်ထိန်းသိမ်းရန်အတွက် အဖွဲ့အစည်းဆိုင်ရာ အစီအစဥ်များနှင့် ငွေကြေးဆိုင်ရာအစီအမံများ**

ကျွန်ုပ်တို့ကော်မတီအနေဖြင့် လုပ်ငန်းတစ်ခုချင်းစီအတွက်ရေရှည်တည်တံ့ရေးအစီအစဥ်များထားရှိမည်။ ဥပမာအားဖြင့် တံတားဆောက်လုပ်ခြင်းလုပ်ငန်းတွင် အသုံးပြုသူများထံမှအသုံးပြုခ

ကောက်ခံခြင်း၊ စေတနာအလျောက် ထည့်ဝင်လိုသူများထံမှ အလှူငွေကောက်ခံခြင်းတို့ကိုဆောင်ရွက်မည်။ ထို့အပြင် တံတားပေါ်ဖြတ်သန်းသွားလာသယ်ယူမည့် ပစ္စည်းများ၏ပမာဏကို သတ်မှတ်ခြင်း ကဲ့သို့သော စည်းကမ်းများသတ်မှတ်မည်။

ဖွံ့ဖြိုးရေးလုပ်ငန်းများ ရေရှည်တည်တံ့ရေးအတွက် လုပ်ငန်းအလိုက် သက်ဆိုင်ရာကော်မတီ၊ အဖွဲ့အား တာဝန်အပ်နှင်းဆောင်ရွက်မည်ဖြစ်ပါသည်။ ဥပမာအားဖြင့် တံတားပြုပြင်ထိန်းသိမ်းရေးအတွက်လမ်းကော်မတီ၊ စာသင်ကျောင်းပြုပြင်ထိန်းသိမ်းရေးအတွက် မိဘဆရာအသင်းစသည်ဖြင့် ဆောင်ရွက်ပါမည်။

## ၁၁။ စီမံကိန်းအားစဉ်ဆက်မပြတ်လေ့လာဆန်းစစ်ခြင်းနှင့် အကဲဖြတ်သုံးသပ်ခြင်း

